# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၆၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ ◆

## ယနေ့ ဖတ်စရာ


စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ — ဆောင်းပါး — စာ ၁၀

ဆီးရီးယား၌ အကြမ်းဖက်မှုများ မြင့်တက်နေချိန်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပစ်ခတ်တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် တောင်းဆို — နိုင်ငံတကာသတင်း — စာ ၁၄

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တွင် အနည်းငယ် အအေးပိုလာနိုင်သကဲ့သို့ ပြည်နယ်သုံးခုတွင်လည်း ညအပူချိန် သိသိသာသာကျဆင်းနိုင် — ပြည်တွင်းသတင်း — စာ ၁၈

**“ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားနိုင်ငံမှ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara–Ool အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

◆ *ရွှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးတင်ဦးလွင်၊ ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ရှေးယခင်ကတည်းက ရင်းနှီးသည့် ဆက်ဆံမှုများရှိခဲ့ပြီး ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားနိုင်ငံမှလေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့် အခြေအနေများ၊ ဥပဒေပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုများဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်နိုင်မှုအခြေအနေများ၊ လူငယ်ရေးရာကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ၊ အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများတိုးတက်စေရေး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်ရေးနှင့် စက်မှုလုပ်ငန်းများ တိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara–Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ကုန်ဈေးနှုန်းကြီးမြင့်မှုများအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျစိစစ်ကြပ်မတ်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

❖ **စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရ၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ်တိုးတက်အောင်မြင်မှုရှိရန်လို၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် မှားယွင်းမှုများဖြစ်ပေါ်စေနိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာနများအနေဖြင့် စီမံကိန်းများရေးဆွဲရာတွင် လက်တွေ့ကျသည့်စီမံကိန်းနှင့် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ အသေးစိတ်တွက်ချက် ရေးဆွဲရန်လို၊ မြေပြင်အခြေအနေမှန်များကို လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်လို၊ နိုင်ငံ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့် နေရာများ၌သာ သုံးစွဲသွားရန်လို**

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉)ရပ်သည် နိုင်ငံတော်၏ မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများအလိုက် တိုက်ရိုက်ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ နိုင်ငံတော်မှ တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ဥပမာအားဖြင့် နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”** ဆိုသည့် အချက်နှင့်ပတ်သက်၍ ၎င်းအပေါ် အခြေခံ၍ မိမိတို့လုပ်ဆောင်နေသည့်လုပ်ငန်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကိုသွားသည့် လုပ်ဆောင်ချက်မျိုးဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးသည်လည်း အလားတူပင်ဖြစ်ကြောင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဆင့်ဆင့်ခွဲဝေပေးထားပြီးဖြစ်၍ မှန်မှန်ကန်ကန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ပေးမှ ဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး”** ဆိုသည့်အချက်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ရခြင်းရှိသကဲ့သို့ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ ဌာနဆိုင်ရာအသီးသီးမှလည်း ဆောင်ရွက်ရသည်များလည်းရှိကြောင်း၊ ထိုသို့ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဆိုပါက ငြိမ်းချမ်းရေးနှင့်ပတ်သက်သော နိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ ဥပမာများသာဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ရာတွင် တစ်ချက်ချင်းစီအလိုက် သက်ဆိုင်ရာဖော်ပြချက်များအားလုံးသည် အဓိပ္ပာယ်ရှိပြီးဖြစ်ကြောင်း၊ အဆိုပါအချက်များကို မိမိတို့ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်မှုရှိ/မရှိ ပြန်လည်သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း။

### မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များကို အားသွန်ခွန်စိုက် အောင်မြင်အောင် ဆောင်ရွက်ကြစေလို

အစိုးရတစ်ရပ်ဟူသည်မှာ တာဝန်ထမ်းဆောင်ရာတွင် အချိန်ကာလအရ ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့် ရရှိသည့်အချိန်ကာလအတွင်း ထမ်းဆောင်ရမည့် နိုင်ငံ့တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ချိန်တွင် ကိုဗစ် – ၁၉ ဖြစ်ပွားမှုနှင့် နိုင်ငံရေးအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှ သင်ခန်းစာရယူ၍ တိုးတက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ်တိုးတက်အောင်မြင်မှုရှိရန်လိုကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲရာတွင် မှားယွင်းမှုများဖြစ်ပေါ်စေနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာနများအနေဖြင့် စီမံကိန်းများ ရေးဆွဲရာတွင် လက်တွေ့ကျသည့်စီမံကိန်းနှင့် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ အသေးစိတ်တွက်ချက်ရေးဆွဲရန်လိုကြောင်း၊ မြေပြင်အခြေအနေမှန်များကို လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေများကိုသုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့် နေရာများ၌သာ သုံးစွဲသွားရန်လိုကြောင်း။

### ကုန်ဈေးနှုန်းများကျဆင်းရေးအတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချသွားရန်လိုကြောင်း၊ ပြည်သူများအား ရောင်းချရာတွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထုသက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ကုန်ဈေးနှုန်းကြီးမြင့်မှုများအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်ဈေးနှုန်းများဖြစ်စေရေး စေတနာထား၍ အပင်ပန်းခံဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွင်း ဝင်ငွေနှင့် ထွက်ငွေကိုလည်း မျှတအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း၊ လက်ရှိတင်ပို့နေသည်ထက် နှစ်ဆခန့်ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို

*စာမျက်နှာ ၅ သို့*

**◆ စိမ်းလန်းသာယာစိုပြည်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လို၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်၊ ပြီးခဲ့သည့် မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လို**

*စာမျက်နှာ ၄ မှ*

ယခုထက်တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် incentive များပေးရန်လိုကြောင်း၊ အလုပ်အကိုင်များဖန်တီးရာတွင် လိုအပ်သည့်သွင်းအားစုများကိုလည်း လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုကို မဖြစ်မနေတိုးမြှင့် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး **“မှတစ်ပါး အခြားမရှိ”** ကြောင်း၊ ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်ရန်လိုကြောင်း၊ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ယင်းအချက်နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

**အချက်အလက်များ မှန်ကန်မှုရှိရန်လိုအပ်မှု**

ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှန်ကန်ရေးနှင့်ပတ်သက်၍လည်း ထပ်မံပြောကြားလိုကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံတွင် ဝါများပိုလျှံမှုရှိသည်ဟု ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပြီး ပြည်ပသို့ တင်ပို့ထားသည့် ကိန်းဂဏန်းအချက်အလက်နှင့် အမှန်တကယ်တင်ပို့ထားသည့်အချက်အလက်များ ကွဲလွဲနေသည်ကို တွေ့မြင်ရကြောင်း၊ ဆန်နှင့် ပတ်သက်၍လည်း နှစ်စဉ်ပိုလျှံမှုများရှိကြောင်း၊ သို့သော် ပိုလျှံသည့်ဆန်နှင့် ပြည်ပသို့ တင်ပို့သည်ဆန်ပမာဏ ကွာခြားနေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်မှ တင်ပြသည့်အချက်အလက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စိစစ်ရခြင်းဖြစ်ပြီး ကိန်းဂဏန်းအချက်အလက်များအရ လွဲမှားမှုမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေပြင်ထွက်ရှိသည့် အထွက်နှုန်းများနှင့် အစိုးရတာဝန်ရှိသူများထံသို့ တင်ပြသည့် အချက်အလက်များ ကိုက်ညီမှုရှိရန်နှင့် မြေပြင်အမှန်အတိုင်းဖြစ်ရန်လိုကြောင်း။

**Green Zone Area များ ဖော်ဆောင်ပြီး စိမ်းလန်းစိုပြည်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရေး**

စိမ်းလန်းသာယာစိုပြည်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ အချိန်၊ ငွေကြေးနှင့် လုပ်အားအရင်းအနှီးများ များစွာကုန်ကျခံပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် အောင်မြင်မှုရှိအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာများတွင်လည်း သစ်ပင်သစ်တောများ ရှင်သန်မှုရှိအောင် စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများဆောင်ရွက်သွားကြရန်လိုပြီး ဒေသအလိုက်၊ နယ်အလိုက် အနီးကပ်ရှိသည့် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍လည်း လမ်းမကြီးများ ဥပဒေ၊ မီးရထားလမ်း ဥပဒေတို့နှင့်အညီ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ခေတ်အဆက်ဆက် ထိန်းသိမ်းကြပ်မတ်မှုအားနည်းခဲ့၍ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**ကုန်ထုတ်လုပ်မှုစွမ်းအားရှိသည့် နိုင်ငံဖြစ်စေရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လို**

အလုပ်သမားရှားပါးမှုပြဿနာနှင့်ပတ်သက်၍ အချို့လုပ်ငန်းရှင်များ၏ တင်ပြချက်များအရ သိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်း အားနည်းကြကြောင်း၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တောသားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေ လိုအပ်လျက်ရှိကြောင်း၊ လူဦးရေသန်းပေါင်းများစွာရှိသည့် နိုင်ငံများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် ပမာဏမှာ မသိသာသော်လည်း မိမိတို့ကဲ့သို့ လူဦးရေနည်းပါးသောနိုင်ငံအတွက်မူ လျော့သွားသည်မှာ သိသာကြောင်း၊ အလုပ်လုပ်ကိုင်မည့် စွမ်းအားများ လျော့နည်းသွားသည်ဖြစ်သဖြင့် ထိုက်တန်သည့် အလုပ်အကိုင်နှင့် လုပ်ခလစာများရရှိရေးကို ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်အနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ သို့မှသာ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအားများ မြင့်တက်လာပြီး Supply နှင့် Demand မျှအောင် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပို့ကုန်များတိုးတက်လာပြီး ဝင်ငွေတိုးတက်လာပါက ငွေကြေးဈေးနှုန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းဆီစားသုံးမှု ဖူလုံရေး**

ဆီဖူလုံရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ၂၀၂၁ ခုနှစ်ကတည်းမှစ၍ ၄၁ ကြိမ်တိုင် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက်တွင်လည်း **“ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး”** ကို ထည့်သွင်းချမှတ်ထားပြီး မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း၊ ဆီထွက်သီးနှံများနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို စနစ်တကျအဖြေရှာ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နည်းလမ်းရှာ၍ လုပ်ဆောင်မည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လူသာလျှင်အရေးကြီးပြီး လူတို့၏စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုသည် အဓိကအရေးကြီးကြောင်း။

**စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက် ရယူဆောင်ရွက်ရန်လို**

စီမံကိန်းအသစ်များဖော်ဆောင်မှုနှင့်ပတ်သက်၍လည်း အနည်းငယ်ပြောကြားလိုပြီး စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ယူဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းပြည်အတွက် အကျိုးရှိမည်ဆိုပါက ခွင့်ပြုပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့ တာဝန်ယူသည့်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည့် စီမံကိန်းများကိုသာ ဆောင်ရွက်ကြစေလိုပြီး လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရန်လည်း တာဝန်ယူရန်လိုကြောင်း။

စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများ လုပ်ဆောင်ရသည့် ဝန်ကြီးဌာနများနှင့် ပတ်သက်၍လည်း အကျိုးအမြတ်ကို ဖော်ဆောင်ပေးနိုင်သည့်ဌာနများရှိသကဲ့သို့ အောင်မြင်မှုမရှိသည့် ဌာနများလည်းရှိကြောင်း၊ နိုင်ငံအတွက်အကျိုးရှိမည့်လုပ်ငန်းများကို ဆက်လက်အားပေးရမည်ဖြစ်သကဲ့သို့အကျိုးအမြတ်ဖော်ဆောင်ပေးနိုင်မှုမရှိသည့်လုပ်ငန်းများကို ပြန်လည်သုံးသပ်၍ ရပ်တန့်သင့်က ရပ်တန့်သွားရန်လိုကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပါက အကျိုးရှိစေလိုပြီး စီးပွားရေးအရ တွက်ချက်ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ တင်ပြချက်များအရ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအား ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းများဖြင့် မည်ကဲ့သို့ ရောင်းချပေးလျက်ရှိသည့်၊ ဆန်ဖူလုံမှု၊ ဆန်ဖူလုံမှု မည်မျှရှိသည်တို့ကို ရာနှုန်းများဖြင့် တင်ပြကြသည်ကို တွေ့ရကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ အစိုးရကဆောင်ရွက်ပေးမှမဟုတ်ဘဲ လူတိုင်းကလုပ်ဆောင်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖူလုံမှုများရှိနေသည်ဟုဆိုပါက အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်ရန် အကြောင်းမရှိကြောင်း၊ ထို့ကြောင့် အခြေခံစားကုန်ဖူလုံရေးကို အဓိကထား ဆောင်ရွက်ကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍အခြေခံပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းအပြည့်အဝရရှိအောင် ဆောင်ရွက်ရန်၊ ယခု ကျောင်းတက်နေသည့် ကျောင်းတက်နေသူအားလုံး စာမေးပွဲဖြေဆိုနိုင်ရေးနှင့်ကျောင်းများ အန္တရာယ်ကင်းရှင်းစွာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန်လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ဝါနှင့် ဝါးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝါးကုန်ကြမ်းများ ပေါများစွာရှိသည့်အတွက် ဝါးကိုအခြေခံသည့် စက္ကူနှင့် ပျော့ဖတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်လည်း အကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို သက်သာစေမည်ဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ကုန်ကြမ်းသာမက ရော်ဘာကုန်ချောများ ထုတ်လုပ်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ကြက်သွန်စိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် မိမိတို့နိုင်ငံ၏ အနီးပတ်ဝန်းကျင်တွင် ဈေးကွက်ရှိပြီးဖြစ်သဖြင့် ကြက်သွန်ကိုတိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝကောက်ခံရရှိပြီး ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ပိုမိုအသုံးပြုနိုင်စေရန် ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မကြာမီကာလအတွင်း ကျင်းပပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားအမျိုးအစားများအလိုက် စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်အောင်လည်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလားတူ နံနက်ပိုင်းကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အိမ်မဲမြို့နယ်၌ ကျောင်းအခြေပြု ကာကွယ်ဆေးများ ထိုးနှံပေး

**အိမ်မဲ ဒီဇင်ဘာ ၃**

အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် ကျောင်းအခြေ ပြု ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို အ.ထ.က (၂)ကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က ဆုံဆို့မေးခိုင်ရောဂါနှင့် သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် KG ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကိုးနှစ် ၁၀ နှစ်အရွယ် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးသည်။ အိမ်မဲမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၂၀၀ တွင်လည်း ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**



❍ *ကျောဖုံးမှ*

နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ပူပေါင်းပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်နှင့် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို အများပြည်သူသိရှိနားလည်စေရန်အတွက် ဒီဇင်ဘာလ(၃)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂက ဦးဆောင်မှုနှင့် ကမ္ဘာတစ်ဝန်းတွင် ၁၉၉၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၃၁)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးအောင်ကိုကိုအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။**

ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ နေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်သည် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future" "အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှုမြှင့်တင်ပေး"** ဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၈၂၀၀ အနက် ၁၆ ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၁၃၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုး ရှိသူများဖြစ်ကြကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည့် ၅ ဒသမ ၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြောင်းကို တွေ့ရှိရကြောင်း၊ ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်လည်း မသန်စွမ်းသူဦးရေ အချိုးအစားကြီးကြီးမားမား ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**ကူညီအားပေးကြရန်လို**

မသန်စွမ်းသူများ၏ ဘဝတွင်ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲအတားအဆီးများ၊ တန်းတူညီမျှ ရပိုင်ခွင့်များ၊ ပူးပေါင်းဆောင်ရွက်မှု စသည့်စိန်ခေါ်မှုများကို လူသားအားလုံးက လက်တွေ့ကျအောင် ဖြေရှင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လူလူချင်းတူသော်လည်း ဘဝကံကြမ္မာ အကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်း အားနည်းနေသူများကို စာနာထောက်ထားဖေးမကူညီပြီး မသန်သော်လည်း စွမ်းဆောင်ရည်ပြည့်ဝသည့်၊ လောကအကျိုးကို သယ်ပိုးနိုင်သည့် လူသားတစ်ဦးဖြစ်လာအောင် ကူညီအားပေးကြရန် လိုအပ်ကြောင်း။

**နေရာပေးဆောင်ရွက်**

ထို့ကြောင့် အားလုံးအကျုံးဝင်ပါဝင်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ကျန်ရစ်နေသည်မျိုး မရှိအောင်၊ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်အောင် အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်နိုင်မှုအပေါ်မူတည်ပြီး မသန်စွမ်းသူများကို ဦးဆောင်သည့် အခန်းကဏ္ဍများတွင် နေရာပေးဆောင်ရွက်ပေးကြရန်လည်း လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် နားလည်လက်ခံနိုင်စွမ်းကို ဖော်ဆောင်ပေးရာလည်း ရောက်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် **"မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD)"**ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ နှင့် နည်းဥပဒေများ ၂၀၁၇ တို့ကို အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပြီး မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ(၉)ခုကို ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း။

**ပညာရေးကဏ္ဍ ဦးစားပေး**

မသန်စွမ်းသူများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရေး ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍကို ဦးစားပေးမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၆ ခုနှစ် လေ့လာဆန်းစစ်ချက်များအရ မသန်စွမ်းသူကလေးသူငယ် နှစ်သိန်းသုံးသောင်းခန့်ရှိပြီး အဆိုပါအထဲက ကလေးသုံးဦးတွင် နှစ်ဦးသည် ကျောင်းမတက်ကြဘဲ ၃၆ ရာခိုင်နှုန်းခန့်သာ စာရေးစာဖတ်နိုင်ကြောင်းသိရကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မသန်စွမ်းသူများအတွက် ပညာရေးကို ပိုမိုအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများအပေါ် ခွဲခြားမှုမရှိသော သင်ရိုးညွှန်းတမ်းနှင့် အလေ့အကျင့်များ ကျင့်သုံးခြင်း၊ အထူးပညာရေး ဆရာ၊ ဆရာမများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရန်အတွက် လိုအပ်သော နည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

အတားအဆီး ကင်းသော ပတ်ဝန်းကျင်ဖြစ်စေရန်အတွက် အများပြည်သူဆိုင်ရာနေရာများ၊ အဆောက်အဦများကို မသန်စွမ်းသူများ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ အများသုံးသယ်ယူပို့ဆောင်ရေး ယာဉ်များတွင် မသန်စွမ်းသူများ လိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ သတင်းအစီအစဉ်များတွင် Sign Language နှင့် ပြသခြင်းများ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားများတွင်လည်း မသန်စွမ်းသူများ အတားအဆီးမဲ့ ခရီးသွားလာနိုင်အောင် ဆောင်ရွက်ပေးမှုအတွက် ဂုဏ်ပြုဆုကို နှစ်စဉ်ထည့်သွင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

**အားပေးဂုဏ်ပြုမြှင့်တင်**

မသန်စွမ်းသူများသည် အများနည်းတူ ရာနှုန်းပြည့် ကျန်းမာသန်စွမ်းမှုမရှိသော်လည်း ၎င်းတို့၏ ကောင်းမွန်ပြီး ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်အစိတ်အပိုင်းနှင့်ကိုက်ညီသည့် လှုပ်ရှားဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ပါဝင်လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ထိုသို့စီမံဆောင်ရွက်ပေးမည်ဆိုပါက မသန်စွမ်းသူများ၏ စိတ်အားငယ်မှု၊ သိမ်ငယ်မှုများ ပပျောက်စေပြီး မသန်သော်လည်း စွမ်းသည့် စွမ်းဆောင်ရှင်များအဖြစ် လောကကို တတ်အားသမျှ အကျိုးပြုနိုင်သူများဖြစ်လာအောင် အားပေးဂုဏ်ပြုမြှင့်တင်သွားကြရန် တိုက်တွန်းလိုကြောင်း။

*စာမျက်နှာ ၇ သို့*

**❖ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ကျန်ရစ်နေသည်မျိုးမရှိအောင်၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် အားပေးဆောင်ရွက်ကြရမည်ဖြစ်၊ စွမ်းဆောင်နိုင်မှုအပေါ် မူတည်ပြီး မသန်စွမ်းသူများကို ဦးဆောင်သည့် အခန်းကဏ္ဍများတွင် နေရာပေးဆောင်ရွက်ပေးကြရန်လည်း လိုအပ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မရွှေစင်ဖြူအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အလုပ်အကိုင်အခွင့်အလမ်း ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

*စာမျက်နှာ ၆ မှ*

မသန်စွမ်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုရေးပိုင်းဆိုင်ရာ အကျိုးဝင်မှုသာမက စီးပွားရေးအကျိုးဝင်မှုပါ ရရှိပြီး အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်မည် ဖြစ်ကြောင်း၊ မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများ ဖြစ်ကြောင်း နားလည်လက်ခံပြီး မသန်စွမ်းသူများကို အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ မူဝါဒနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် နေရာများတွင် တာဝန်ထမ်းဆောင်စေခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူအားလုံး လွှမ်းခြုံနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် ၂၁ ခုတွင် လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ ၅၉၃၇ ဦး မသန်စွမ်းမှတ်ပုံတင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများအပေါ် ထားရှိသည့် မကောင်းမြင်စိတ်နှင့် လွဲမှားသော အယူအဆ အတွေးအမြင်များ ပပျောက်ရေးအတွက် တိုက်တွန်းနှိုးဆော်ခြင်း၊ အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း။

### အသိပညာပေးဆောင်ရွက်

ထို့ပြင် သဘာဝဘေး အန္တရာယ် ရင်ဆိုင်ကြုံတွေ့ကြရာတွင်လည်း မသန်စွမ်းသူများအနေဖြင့် အများတကာတွေထက် ပိုမိုထိခိုက် ခံစားရကြောင်း၊ ထို့ကြောင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများပါဝင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ အရေးဆောင်ရွက်ပေးရာတွင် မသန်စွမ်းသူများကိုယ်တိုင်နှင့် မသန်စွမ်းသူများအရေး ဆောင်ရွက်ပေးနေသည့် အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးလိုအပ်ကြောင်း၊ ထို့ပြင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် အသိပေး ပြောကြားလိုကြောင်း။

ယခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ချမှတ်ထားသော **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ၏ ခေါင်းဆောင်မှုစွမ်းရည် မြှင့်တက်စေခြင်း၊ ဦးဆောင်သည့် ကဏ္ဍများတွင် ပါဝင်စေခြင်းနှင့် မသန်စွမ်းသူများ၏ အမြင်နှင့်သဘောထားကို အလေးထား ထည့်သွင်းပေးခြင်းတို့ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးကို မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလာရေးဂုဏ်ပြုဆု ရရှိကြသူများကိုလည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလုပ်အကိုင် အခွင့်အလမ်း ဂုဏ်ပြုဆုနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာ ဗီဒီယိုမက်ဆေ့နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို့ကို ပြသပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းနှင့်အတူ ဘီးတပ်ကုလားထိုင်ဖြင့် စွမ်းရည်ပြ ကပြဖျော်ဖြေကြသည်။

ယင်းနောက် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကလေးငယ်များက "စိတ်ဓာတ်ခွန်အားရှက်လှွင့်ထား" တေးသီချင်းဖြင့်လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း(ရန်ကုန်)မှ မသန်စွမ်း ကလေးများက "ရေအိုးယိမ်း" တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

### ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သီဆိုကပြ ဖျော်ဖြေခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. Sholban Kara–Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ရုရှားနိုင်ငံတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကို ကူညီပေးနိုင်ရေးကိစ္စနှင့် ဘာသာစကားများသင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ရုံး၊ သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara–Ool ဦးဆောင်သောအဖွဲ့ကို ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။(ဝဲပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗဟို ရွေးကောက်ပွဲ ကော်မရှင်နှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒူးမားလွှတ်တော် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြီး ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် MSME ထုတ်ကုန်ပြခန်းများ ခင်းကျင်းပြသ

**နေပြည်တော် ဒီဇင်ဘာ ၃**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကျင်းပမည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချရန် ပြင်ဆင်နေမှု၊ တည်းခိုရေးစခန်း (ရွာတော်)တွင် ထုတ်ကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယခုကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ အသင်းအုပ်ချုပ်သူ နည်းပြ၊ အားကစားသမားများ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်သဖြင့် ယခုပြသရောင်းချသည့် ထုတ်ကုန်ပစ္စည်းများသည် ကြော်ငြာစရာမလိုဘဲ မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့သိရှိသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ MSME များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ လူ့စွမ်းအား အရင်းအမြစ်၊ ဈေးကွက်ရရှိရေး စသည့်လုပ်ငန်းစဉ်များကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းရှင်များကလည်း မိမိတို့၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျှင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိ၍ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သည့် အပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ နိုင်ငံ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံ ဝန်ကြီးဌာနအဖြစ် ဆောင်ရွက် ပေးလျက်ရှိသဖြင့် လုပ်ငန်းရှင်များက ကြုံတွေ့နေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန် မှာကြားသည်။



ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ကျင်းပမည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် တည်းခိုရေးစခန်း (ရွာတော်) တို့တွင် MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ အလှကုန်၊ အားကစားပစ္စည်းစသည့် ပြခန်း ၄၀ ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်းသိရသည်။ **သတင်းစဉ်**

# လပွတ္တာမြို့၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**လပွတ္တာ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစိမ်းကိုကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများက မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးများ အဆင်သင့်ဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများကို အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မူမူ**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E . Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara–Ool ဦးဆောင်သည့် ရုရှားဒူးမားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ ကဏ္ဍအများအပြား၌ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃**




၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ China National Convention Center ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်၊ ကျန်းမာရေးဝန်ကြီး၊ အခြားဖိတ်ကြားထားသည့် နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အတူ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားတိုင်းရင်းဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကော်မရှင်အကြီးအကဲ ပါမောက္ခ Yu Yanhong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ညွှန်ကြားရေးမှူးချုပ်က Video Conferencing ဖြင့် အဖွင့်အမှာစကားပြောကြားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး H.E. Mr. Lei Haicho က အဖွင့်မိန့်ခွန်းပြောကြား၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Guozhong Liu က အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားပြီးနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၏ မျက်နှာစုံညီဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဆွေးနွေးရာတွင် နိုင်ငံ့ကျန်းမာရေးစနစ်တွင် တိုင်းရင်းဆေးဝါးများ၏ အရေးပါမှု၊ ခေတ်မီ အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများ ပူးပေါင်း၍ အကျိုးရှိစွာ အသုံးချနိုင်မှု အခြေအနေများ၊ တိုင်းရင်းဆေးဝါးများနှင့် ပတ်သက်၍ သုတေသနများ ပိုမိုဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် အများလက်ခံလာနိုင်မှု အခြေအနေများ၊ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အရေးပါမှုများ၊ တိုင်းရင်းဆေးဝါးနှင့် ပတ်သက်သည့် မူပိုင်ခွင့်ကိစ္စရပ်များ၊ ယုံကြည်စိတ်ချရ၍ အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် ဆောင်ရွက် သင့်သည်များ၊ အနာဂတ်တွင် ဒေသတွင်း နိုင်ငံများအကြား အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သင့်သည်များနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းဆေးပညာကဏ္ဍတွင် အာဆီယံနိုင်ငံများ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးညီလာခံကို နှစ်စဉ်ကျင်းပလျက်ရှိပြီး နိုင်ငံတကာမှ တိုင်းရင်းဆေးပညာရှင်များ လာရောက်၍ ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ တက်ရောက်ဆွေးနွေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။(အပေါ်ဝဲပုံ)

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ တည်းခိုနေထိုင်မှု အဆင်ပြေစေရေး သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ၊ အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့်ကျောင်းသားကျောင်းသူများနှင့် အုပ်ချုပ်သူများ တည်းခိုနေထိုင်မှုနှင့် ဧည့်ခံကျွေးမွေးမှု အဆင်ပြေစေရေး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးသည် တည်းခိုနေထိုင်ကြသည့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ၊ ဖျော်ဖြေရေးအဖွဲ့များကို ဧည့်ခံကျွေးမွေးနေမှုအခြေအနေ(**အောက်ဝဲပုံ**)၊ အစားအစာများ ချက်ပြုတ်ပြင်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တည်းခိုရေးစခန်းအတွင်း ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ဒေသထွက်ကုန်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုပြီး စားသောက်ဆိုင်များတွင် သန့်ရှင်းလတ်ဆတ်သည့် အစားအစာများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကိုသာ ရောင်းချရန်၊ ရောင်းမကုန်သည့် တစ်ရက်အတွင်း စားသုံးရမည့် အစားအစာများကို နောက်ရက်တွင် ပြန်လည်ရောင်းချခြင်းမပြုရန်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်သိမ်းဆည်းခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ နည်းပြများ တည်းခိုနေထိုင်သည့် အဆောင်များ၊ အိပ်ခန်းများ၊ ဆေးကုသမှုခံယူနိုင်ရန် ဖွင့်လှစ်ထားသည့် ဆေးခန်းများ၊ အိပ်ဆောင်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားမှုများနှင့် ရေသန့်စင်စက်များဖြင့် သုံးရေများ သန့်ရှင်းအောင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ဂုဏ်ပြုဆောင်းပါး

# စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ

အကြင်အလုပ်တစ်ခု၏ ရလဒ်သည် စစ်ကိုလည်းအားမပေး၊ ရွှေငွေရတနာကိုလည်း အဓိကမပြု၊ လူတန်းစားခွဲခြားခြင်းကိုလည်း မမူဘဲ အတ္တဟိတနှင့် ပရဟိတအကျိုးနှစ်ဝကို တစ်ပြိုင်တည်းရစေလျက် အလုံးစုံသော ဝိဇ္ဇာပညာနှင့် သိပ္ပံပညာတို့၏ ဦးခိုက်ရာဖြစ်အံ့။ ထိုအလုပ်ကား စိုက်ပျိုးရေးသာလျှင်တည်း။ (ဂါးဖီးလ်)


**ဒေါက်တာစောထိုလွီထူး**
**(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)**

စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံသား၊ တိုင်းရင်းသားပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဒေသအလိုက်သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်ရန် မတူညီသော ရာသီဥတု၊ မြေအမျိုးအစား၊ စိုက်ပျိုးရေအရင်းအမြစ် အစရှိသည့် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များ ကုံလုံပြည့်စုံသည့် နိုင်ငံဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းမှီတင်းနေထိုင်သည့်အတွက်ကြောင့်လည်း စိုက်ပျိုးရေးဆိုင်ရာ လူသားစွမ်းအင်အရင်းအမြစ် ခိုင်မာတောင့်တင်းသည့် နိုင်ငံအဖြစ် ဂုဏ်ယူဖွယ်ရပ်တည်နေပါသည်။ စိုက်ပျိုးရေးဖြစ်ထွန်းပြီး သီးနှံထွက်ကုန်များဖြင့် နိုင်ငံတကာကုန်သွယ်မှု အကျိုးအမြတ်ကြီးမားလှသည့် ကောင်းကျိုးကြောင့် အင်္ဂလိပ်ကိုလိုနီလက်အောက် ကျရောက်စဉ်ကတည်းက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းတစ်ပါးသားတို့၏ အလေးထားအာရုံစိုက်ရာလုပ်ငန်း ဖြစ်ခဲ့ပါသည်။

နိုင်ငံတကာ ဈေးကွက်ဝင်သီးနှံထွက်ကုန်ရရှိရန် မြန်မာလူမျိုးတို့၏ မိရိုးဖလာသီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်သည် ထိရောက်မှုအားနည်းသည်ကိုလည်း သတိပြုမိခဲ့ကြသည်။ စက်မှုခေတ်ပြောင်းတော်လှန်ရေးကြောင့် အနောက်နိုင်ငံများတွင် တွင်ကျယ်လာသော အဆင့်မြင့်စိုက်ပျိုးထုတ်လုပ်မှုစနစ်နှင့် နည်းပညာများသည် မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် အခွင့်အလမ်းသဖွယ်ဖြစ်လာပါသည်။ အခြားတစ်ဖက်တွင်လည်း တိုးတက်ဖွံ့ဖြိုးလာသော စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်သော ဒေသခံစိုက်ပျိုးရေးပညာရှင်များရှိပါမှ ထိရောက်မှန်ကန်ပြီး အကျိုးအမြတ်ခိုင်မာသေချာသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုဖြစ်လာမည်ကိုသိရှိသောကြောင့် မြန်မာလူငယ်များအတွက် ခေတ်မီစိုက်ပျိုးရေးအတတ်ပညာလိုအပ်မှုကို တိုင်းတစ်ပါးသားတို့က သတိမူခဲ့ကြပါသည်။

**❑ သက်တမ်းနှစ် (၁၀၀) ကာလတစ်လျှောက် သင်ရိုးညွှန်းတမ်းနှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီဖြစ်အောင် စဉ်ဆက်မပြတ် ပြုပြင်အဆင့်မြှင့်တင်ခဲ့သကဲ့သို့ တက္ကသိုလ်၏ အခြေခံအဆောက်အအုံများကိုလည်း ခေတ်မီပြီး အရည်အသွေးကောင်းမွန်စေရန် နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် အဓိကလုပ်ဆောင်နေပါသည်။ စိုက်ပျိုးရေးအပါအဝင် နည်းပညာအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသောခေတ်တွင် နိုင်ငံတကာသို့ သွားရောက်၍ အဆင့်မြင့်ဘွဲ့လွန်ဘာသာရပ်အလိုက် ပညာဆက်လက်သင်ယူနိုင်ပြီး အမိနိုင်ငံအတွင်း အဆိုပါ ဘာသာရပ်ကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုကို အကျိုးရှိထိရောက်စွာ စွမ်းဆောင်နိုင်ကြသော သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်ဘွဲ့ရများဖြစ်လာစေရေး သင်ကြားပို့ချမှုစနစ်နှင့် သင်ရိုးညွှန်းတမ်းများကိုလည်း မျက်ခြည်မပြတ် ညှိနှိုင်းပြင်ဆင်မှုများ ဆောင်ရွက်သည့် တက္ကသိုလ်**



၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ကို ဖွင့်လှစ်စဉ်။

အခြားကဏ္ဍများနည်းတူ ခေတ်မီစိုက်ပျိုးရေးပညာရပ်အတွက် မြန်မာလူငယ်များကို ရှေးဦးစွာ အင်္ဂလန်နိုင်ငံနှင့် ထိုမှတစ်ဆင့် အိမ်နီးချင်းအိန္ဒိယနိုင်ငံသို့ စေလွှတ်ပညာသင်ယူစေခဲ့ပါသည်။ ၎င်းနောက် ၁၉၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးကောလိပ်ကို ဖွင့်လှစ်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ပြည်တွင်း၌ သင်ယူစေခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း ခေတ်မီစိုက်ပျိုးရေးအတတ်ပညာ စတင်ခဲ့သည်မှာ ယခု ၂၀၂၄ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်ပြီဖြစ်ပါသည်။

စိုက်ပျိုးရေးအတတ်ပညာသမိုင်းကြောင်း၏ အစဦးဖြစ်သော ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့သည် မြန်မာနိုင်ငံ၏ ခေတ်မီစိုက်ပျိုးရေး အတတ်ပညာကဏ္ဍကို မန္တလေးမြို့ရှိ စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ဖွင့်လှစ်ခြင်းဖြင့် ခမ်းနားထည်ဝါစွာ စတင် မိတ်ဆက်ကြိုဆိုခဲ့သည့်နေ့ရက် ဖြစ်ခဲ့ပါသည်။ ကောလိပ်ဟု ခေါ်တွင်သော်လည်း ဘွဲ့ဒီဂရီအဆောင်အယောင်ကို အပ်နှင်းနိုင်သည့် ရန်ကုန်တက္ကသိုလ်၏ အသိအမှတ်ပြုမှုမရရှိသေးသဖြင့် စိုက်ပျိုးရေးဒီပလိုမာ သုံးနှစ်သင်တန်းအနေဖြင့်သာ စတင်ခဲ့ရပါသည်။

ဝင်ခွင့်လျှောက်ထားသူ ၂၀၀ ခန့်အနက်မှ သင်တန်းသား ၂၄ ဦးဖြင့် ခေတ်မီစိုက်ပျိုးရေးအတတ်ပညာကန့်လန့်ကာကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ စတင်ဖွင့်လှစ်ပြီးနောက် ၁၉၃၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကာလတွင်မူ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် ကျောင်းကို ကာလတစ်ခုကြာမျှ ပိတ်ထားခဲ့ရပါသည်။ ကျောင်းပြန်ဖွင့်ပြီးနောက် ၁၉၃၈ ခုနှစ် ဇွန် ၁၆ ရက်တွင် ရန်ကုန်တက္ကသိုလ်က အသိအမှတ်ပြုသည့် စိုက်ပျိုးရေးကောလိပ် ဖြစ်လာခဲ့သဖြင့် မူလမျှော်မှန်းချက်အတိုင်း ဘွဲ့ဒီဂရီအဆင့် ပညာရေးဖြစ်လာခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံကောလိပ်ဖြစ်သောကြောင့် စိုက်ပျိုးရေးအတတ်ပညာကို စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ္ပံ (Intermediate Science – I.Sc.) တက်ရောက်အောင်မြင်ပါက စိုက်ပျိုးရေးကောလိပ်တွင် နောက်ထပ် နှစ်နှစ် ဆက်လက်တက်ရောက်ပြီး စိုက်ပျိုးရေးပညာဘွဲ့ B.Sc. (Agri) ကို ရရှိစေသည့် ပညာရေးစနစ်ဖြစ်ပါသည်။

၁၉၄၂ ခုနှစ် အတန်းတင်စာမေးပွဲပြီးချိန်တွင်မူ ဒုတိယကမ္ဘာစစ်ကြောင့် အကန့်အသတ်မရှိ ကျောင်းပိတ်ခဲ့ရပြန်ပါသည်။ သို့ရာတွင် ၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အတွင်း၌ ကျောင်းပြီးဆုံးရန် ကျန်ရှိနေသည့် ဒုတိယနှစ် သင်တန်းသားများအတွက် မလှိုင်စိုက်ပျိုးရေးဥယျာဉ်တွင် ကြားဖြတ်ကောလိပ်ကို ခေတ္တဖွင့်လှစ်ပေးပြီး B.Sc. (Agri) ဘွဲ့ကို ချီးမြှင့်ပေးခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် ရန်ကုန်တက္ကသိုလ်၌ မဟာဌာနများစုပေါင်းဖွဲ့စည်းထားသည့် တစ်လုံးတစ်စည်းတည်းဖွဲ့သောစနစ် (Unitary System) ကို စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်မှစတင်ပြီး ရန်ကုန်တက္ကသိုလ်လက်အောက်ခံ စိုက်ပျိုးရေးကောလိပ်မဟုတ်တော့ဘဲ စိုက်ပျိုးရေးမဟာဌာန (Faculty) ဖြစ်လာခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင်မူ မန္တလေးဥပစာကောလိပ်သည်လည်း မန္တလေးတက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲပြဋ္ဌာန်းခြင်းခံခဲ့ရသဖြင့် မြန်မာနိုင်ငံတွင် တက္ကသိုလ်နှစ်ခုဖြစ်လာခဲ့ပါတော့သည်။ ယင်းအခြေအနေတွင် မန္တလေးမြို့၌ ရှိနေသော ရန်ကုန်တက္ကသိုလ်၏ စိုက်ပျိုးရေးမဟာဌာနသည်လည်း မန္တလေးတက္ကသိုလ်၏ စိုက်ပျိုးရေးမဟာဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းခံခဲ့ရပါသည်။

၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စနစ်သစ်ပညာရေးမူဝါဒကို ထပ်မံ၍ ပြောင်းလဲကျင့်သုံးခဲ့ကြပါသည်။ ဤပြောင်းလဲကျင့်သုံးမှုကြောင့် စိုက်ပျိုးရေးမဟာဌာနသည် မန္တလေးတက္ကသိုလ်၏ လက်အောက်ရှိဌာနမဟုတ်တော့ဘဲ သီးခြားတက္ကသိုလ်အဖြစ် ပြောင်းလဲဖွဲ့စည်းခွင့်ရရှိသွားပါတော့သည်။ ထိုအချိန်မှစ၍ စိုက်ပျိုးရေးတက္ကသိုလ် (Institute of Agriculture) အဖြစ် သီးခြားရပ်တည်ခဲ့ပြီး အပ်နှင်းသည့်ဘွဲ့ကိုလည်း စိုက်ပျိုးရေးပညာဘွဲ့ (B.Ag.) ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

အခြေခံပညာအထက်တန်း (၁၀ တန်း) စာမေးပွဲအောင်မြင်သူများ ငါးနှစ် တက်ရောက်ရသည့် တက္ကသိုလ်ဖြစ်ပြီး ဖွင့်လှစ်သည့် ပထမဆုံးနှစ်တွင် ကျောင်းသား ၅၀ ကိုသာ စတင်လက်ခံခဲ့သော်လည်း ၁၉၆၅ ခုနှစ်မှစတင်ပြီး ကျောင်းသားဦးရေ ၂၀၀ အထိ တိုးမြှင့်လက်ခံသင်ကြားခဲ့ပါသည်။ တက္ကသိုလ်အဖြစ်ရောက်ရှိပြီး ကျောင်းသားကျောင်းသူဦးရေလည်း တိုးပွားလာသဖြင့် တက္ကသိုလ်၏ ရေရှည်ကာလနှင့် သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကောင်းအတွက် အထင်ကရအလှည့်အပြောင်း စတင်ခဲ့ပါသည်။

ထိုအချိန်က စိုက်ပျိုးရေးတက္ကသိုလ်၌ အဓိကလိုအပ်ချက်မှာ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ကွင်းလုပ်ငန်းများအတွက် လုံလောက်သောမြေနေရာဖြစ်ပါသည်။ ထို့ကြောင့် မန္တလေးမြို့ရှိ မူလစတင်သန္ဓေတည်ခဲ့သောနေရာမှ ပြောင်းရွှေ့ရပ်တည်ရန် လိုအပ်လာပါသည်။ စိုက်ပျိုးရေးအတွက် ရာသီဥတုနှင့် ရေခံမြေခံကောင်းသည့် ပျဉ်းမနားမြို့၏ မြောက်ဘက် ၁၁ မိုင်ခန့်အကွာ၌ရှိသော ရေဆင်းရွာနှင့် ရေဆင်းဆည်အနီးရှိနေရာ (ယခုရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တည်ရှိရာနေရာ) ကို ရွေးချယ်ခဲ့ကြကာ *စာမျက်နှာ ၁၁ သို့*

# ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသန ညီလာခံ (၂၀၂၅) ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များမှ အရည်အသွေးရှိသည့် စာတမ်းများ လက်ခံ၊ စိစစ်အတည်ပြုခြင်းကိစ္စရပ်များ၊ သုတေသနပြခန်းပြသခြင်းကိစ္စရပ်များ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များ၊ အခမ်းအနားပြင်ဆင်ရေး၊ ဖျော်ဖြေရေး၊ သတင်းပြန်ကြားရေး၊ နိုင်ငံတကာဆက်ဆံရေး ဆိုင်ရာ ကိစ္စရပ်များကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်း၍ ကဏ္ဍအလိုက် ဆောင်ရွက်မည့်ကိစ္စရပ်များ အောင်မြင်ရေးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ လိုအပ်သည်များကို တက်ရောက်လာသူများအားလုံး ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမိုးလွင်က လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ဆရာကြီး ဆရာမကြီးများက နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ (၂၀၂၅) ကျင်းပရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

မြေဧရိယာ ၃၃၈ ဒသမ ၈၆ ဧကအပေါ်တွင် ၁၉၆၆ ခုနှစ်မှစတင်ပြီး စိုက်ပျိုးရေးတက္ကသိုလ်အသစ်ကို စတင်တည်ဆောက်ပြင်ဆင်မှုပြုလုပ်ခဲ့ကြပါသည်။ ပြောင်းရွှေ့အခြေချရန် အသင့်ဖြစ်သည့် ၁၉၇၃ – ၁၉၇၄ ပညာသင်နှစ်မှစတင်၍ ပြောင်းရွှေ့မှုကို အစီအစဉ်တကျ တစ်ဆင့်ပြီး တစ်ဆင့် ပြုလုပ်ခဲ့ကြပါသည်။ ယင်းပညာသင်နှစ်တွင် မန္တလေး၌ တတိယနှစ်၊ စတုတ္ထနှစ်နှင့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများကို ချန်ရစ်သင်ကြားပို့ချပေးပြီး ဒုတိယနှစ်နှင့် ပထမနှစ် ကျောင်းသား ကျောင်းသူများကို ရေဆင်းတွင် စတင်ပြောင်းရွှေ့သင်ကြားပို့ချမှု လုပ်ဆောင်ခဲ့ပါသည်။ မန္တလေး၌ ကျန်ရှိနေသော အတန်းများကို မန္တလေးတွင်ပင်ကျောင်းပြီးသည်အထိ ဆက်လက်သင်ကြားပေးသကဲ့သို့ ပထမနှစ်အတန်းများကို ရေဆင်းတွင်သာ ဆက်လက်ဝင်ခွင့်ပြု၍ မန္တလေးမှ ရေဆင်းသို့ ပြောင်းရွှေ့မှုကို ပြေပြစ်စွာ လုပ်ဆောင်ခဲ့ကြပါသည်။

ယခု ၂၀၂၄ ခုနှစ်သည် စိုက်ပျိုးရေးတက္ကသိုလ် မန္တလေးမှ ရေဆင်းသို့ ပြောင်းရွှေ့လာမှု နှစ် ၅၀ ပြည့်မြောက်သည့်နှစ်ဟုလည်း ဆိုနိုင်ပါသည်။ အလားတူပင် စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် သီးခြားရပ်တည်မှု နှစ် (၆၀) ပြည့်မြောက်သော ထူးခြားသည့်နှစ်လည်း ဖြစ်ပါသည်။ အမည်ကိုမူ စိုက်ပျိုးရေးတက္ကသိုလ် (Institute of Agriculture) ဟု တစ်လျှောက်လုံးခေါ်ဆိုခဲ့ရာမှ ၁၉၉၈ ခုနှစ် အောက်တိုဘာလတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (Yezin Agricultural University) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ရေဆင်းဟူသော စိုက်ပျိုးရေးလုပ်ငန်းအခြေပြု ကျေးရွာငယ်၏အမည်ကို အစွဲပြု၍ ခေါ်ဆိုခြင်းခံရသည့် မြန်မာနိုင်ငံအတွင်းရှိ တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပါသည်။ စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်အဖြစ် စတင်တည်ထောင်စဉ်မှစ၍ ယခုတိုင်အောင် မြန်မာတစ်နိုင်ငံလုံးတွင် တစ်ခုတည်းသာရှိနေခဲ့သော စိုက်ပျိုးရေးတက္ကသိုလ်လည်းဖြစ်၍ မြန်မာနိုင်ငံ အနှံ့အပြားမှ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုစည်းပေါင်းဆုံပြီး စိုက်ပျိုးရေးပညာကို ချစ်ခင်စည်းလုံးစွာဆည်းပူး သင်ယူကြရသည့် တက္ကသိုလ်ဖြစ်သောကြောင့် **“ပြည်ထောင်စုကြီးအထဲမှ ပြည်ထောင်စုကလေး”** ဟု တင်စားခေါ်ဝေါ် သမုတ်ခြင်းခံရသော နှစ်လိုဖွယ် တက္ကသိုလ်လည်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ထူးချွန်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသော လူသားစွမ်းအင်အရင်းအမြစ် ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် အဆိုပါ အဖိုးတန်လူသားစွမ်းအင်အရင်းအမြစ်များကို ပြုစုပျိုးထောင်ပြီး မိမိတို့နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံပိုလျှံရေး၊ စိုက်ပျိုးရေးဆိုင်ရာ ပြဿနာများကူညီဖြေရှင်းရေး၊ စိုက်ပျိုးရေးထွက်ကုန်အကျိုးအမြတ် ပိုမိုမြင့်မားရေး၊ စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံမျိုးကောင်းများရရှိရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိရောက်စွာ အသုံးချနိုင်ရေးအတွက် ထက်မြက်ထူးချွန်သော စိုက်ပျိုးရေးပညာရှင်များကို စဉ်ဆက်မပြတ်မွေးမြူထုတ်လုပ်နေခဲ့ပါသည်။

အဆိုပါပုဂ္ဂိုလ်များ၏ စွမ်းပကားဖြင့် နိုင်ငံ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို သက်ဆိုင်ရာကဏ္ဍအလိုက် မျိုးဆက်တစ်ခုပြီး တစ်ခု လက်ဆင့်ကမ်းလုပ်ဆောင်ခဲ့ကြသည်မှာ နှစ် (၁၀၀) တိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် မေလတွင် ကျင်းပသော ရာပြည့်နှစ် (၃၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မွေးထုတ်ခဲ့သော ဘွဲ့ရဦးရေစုစုပေါင်းမှာ ၁၃၁၉၇ ဦး ရှိခဲ့ပြီဖြစ်သည်။

အဆိုပါစိုက်ပျိုးရေးဘွဲ့ရပုဂ္ဂိုလ်များသည် နိုင်ငံ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဘက်ဘက်မှ ပါဝင်လုပ်ဆောင်နေကြသူများဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သော်လည်း ကျယ်ပြောလှသည့် စိုက်ပျိုးရေးကဏ္ဍအတွက် စိုက်ပျိုးရေးပညာရှင်ဦးရေ လုံလောက်မှုမရှိသေးသည်မှာ အမှန်ကေန်ပင်ဖြစ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ စာရင်းဇယားအရ မြန်မာနိုင်ငံတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်နေကြသော တောင်သူဦးရေ စုစုပေါင်းမှာ ၇၁၆၁၁၄၆ ဦးရှိပါသည်။

အဆိုပါအခြေအနေတွင် တောင်သူပညာပေးလုပ်ငန်း အဓိကလုပ်ဆောင်နေသော စိုက်ပျိုးရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်နေသူ စိုက်ပျိုးရေးဘွဲ့ရစုစုပေါင်း ၂၁၇၆ ဦးသာရှိပါသည်။ ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ စိုက်ပျိုးရေးပညာပေးဝန်ထမ်းတစ်ဦးသည် တောင်သူလယ်သမားဦးရေ ၂၀၀ မှ ၅၀၀ ကို ထိရောက်စွာ တာဝန်ယူ ပညာပေးနိုင်သည်ဟု ဆိုထားသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာပေးဝန်ထမ်းတစ်ဦးလျှင် တောင်သူလယ်သမားဦးရေ ၁၈၀၀ မှ ၃၀၀၀ အထိ တာဝန်ယူပညာပေးနေရသဖြင့် တောင်သူလယ်သမားများထံသို့ ပညာပေးဝန်ထမ်းများရောက်ရှိနိုင်မှုနှင့် ထိရောက်သော ပညာပေးမှုများသည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြီးမားသောစိန်ခေါ်မှုဖြစ်ပါသည်။

စိုက်ပျိုးရေးသိပ္ပံနှင့် စိုက်ပျိုးရေးအထက်တန်းကျောင်းဆင်း ဌာနတွင်းပညာပေးဝန်ထမ်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စိုက်ပျိုးရေးပညာပေးဝန်ထမ်းများ မပါရှိခဲ့ပါက စီမံခန့်ခွဲရေးနှင့် အခြားကဏ္ဍများ၌ လုပ်ဆောင်နေကြသူများ အပါအဝင် စိုက်ပျိုးရေးဘွဲ့ရတစ်ဦးသည် တောင်သူ ၃၂၉၀ ကို တာဝန်ယူနေရမည်သာဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် သက်တမ်းနှစ် (၁၀၀) ကာလတစ်လျှောက် သင်ရိုးညွှန်းတမ်းနှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီဖြစ်အောင် စဉ်ဆက်မပြတ် ပြုပြင်အဆင့်မြှင့်တင်ခဲ့သကဲ့သို့ တက္ကသိုလ်၏ အခြေခံအဆောက်အအုံများကိုလည်း ခေတ်မီပြီး အရည်အသွေးကောင်းမွန်စေရန် နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် အဓိကလုပ်ဆောင်နေပါသည်။ စိုက်ပျိုးရေးအပါအဝင် နည်းပညာအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသောခေတ်တွင် နိုင်ငံတကာသို့ သွားရောက်၍ အဆင့်မြင့်ဘွဲ့လွန်ဘာသာရပ်အလိုက် ပညာဆက်လက်သင်ယူနိုင်ပြီး အမိနိုင်ငံအတွင်း အဆိုပါ ဘာသာရပ်ကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုကို အကျိုးရှိထိရောက်စွာ စွမ်းဆောင်နိုင်ကြသော သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်ဘွဲ့ရများ ဖြစ်လာစေရေး သင်ကြားပို့ချမှုစနစ်နှင့် သင်ရိုးညွှန်းတမ်းများကိုလည်း မျက်ခြည်မပြတ် ညှိနှိုင်းပြင်ဆင်မှုများ ဆောင်ရွက်သည့်တက္ကသိုလ်ဖြစ်ပါသည်။



**တက္ကသိုလ် နှစ် (၉၀) ပြည့်အထိမ်းအမှတ် ၂၀၁၄ ခုနှစ် မတ်လ ၂ ရက်နေ့ (တောင်သူလယ်သမားနေ့) တွင် ဖွင့်လှစ်သော ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။**

ထို့ကြောင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် **“စိုက်ပျိုးပညာ ပြည့်ရွာဖွံ့ဖြိုး”** ဟူသော တက္ကသိုလ်၏ဆောင်ပုဒ်နှင့်အညီ နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံပိုလျှံရေးကို အလေးထားကာ ကျောင်းသား ကျောင်းသူများကို သင်ကြားပို့ချပေးနေပါသည်။ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍအသီးသီးတွင် ပါဝင် လုပ်ဆောင်နိုင်စွမ်းရှိသော အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာရှင် လူငယ်များကို ရာပြည့်နှစ်မှစ၍ ပိုမိုမွေးထုတ်နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်နေပါသည်။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဘွဲ့ရစိုက်ပျိုးရေးပညာရှင်များကိုလည်း ပညာစွမ်းရည်ပိုမို တိုးတက်မြင့်မားလာစေရန် အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိနေပါကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ နှစ်တစ်ရာပြည့်အခါသမယတွင် နှစ်တစ်ရာ ကာလအတွင်း မြန်မာနိုင်ငံ၌ ခေတ်မီစိုက်ပျိုးရေး အတတ်ပညာနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ခဲ့ကြသော ခေတ်အဆက်ဆက် စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာကြီး ဆရာမကြီးများနှင့် စိုက်ပျိုးရေးပညာရှင်ကြီးများအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**“စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ အတိတ်ဖြစ်သကဲ့သို့ ပစ္စုပ္ပန်လည်းဖြစ်ကာ အနာဂတ်လည်း ဖြစ်မည်ဟုသာ”။** ။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော် ကောင်စီ နယ်မြေအတွင်းရှိ သတ်မှတ်ထားသည့် အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲကျင်းပ**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဖူဆယ်ပြိုင်ပွဲများကျင်းပ**

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့က တစ်ဖက် သုံးဂိုးစီဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လေးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ကိုးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို သုံးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၃) နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၃)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

မွန်းလွဲပိုင်းတွင် အမျိုးသမီး ဖူဆယ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေး တိုင်းဒေသကြီး အသင်းတို့က ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီး အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အသက်(၂၃)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ**

ထို့ပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၃) နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရမှတ် (၈၀-၄၆)မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို ရမှတ် (၉၄-၂၇) မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရမှတ် (၆၅-၄၃) မှတ်ဖြင့် လည်းကောင်း၊ ကယားပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ် (၅၈-၄၈) မှတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၈၂-၁၇) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ**

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၁) နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က

*စာမျက်နှာ ၁၃ သို့*

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား အောင်နိုင်ရေးအလံပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများ အောင်နိုင်ရေးအလံ၊ အားကစားပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ အားကစား အသင်းခေါင်းဆောင်များနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးဦးလွင်ဦးက အားကစားနည်းအလိုက် လေ့ကျင့်မှုနှင့် စိတ်ဓာတ်ခံယူချက် မြင့်မားရေး၊ ဝန်ထမ်းများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ရရှိစေရန်နှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရန်၊ အားကစားသမားအချင်းချင်း စည်းလုံးညီညွတ်မှုရှိကြရန်၊ မိမိတို့ဝန်ကြီးဌာနအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်ကြရန် တိုက်တွန်းပြောကြားပြီး အားကစားသမားများကို အောင်နိုင်ရေးအလံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများက အားကစားအသင်းများအလိုက် တာဝန်ခံအရာရှိများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အမျိုးသားအားကစားပွဲတော်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားပြု ဂေါက်သီးရိုက်အားကစားအသင်းနှင့် အမျိုးသားဖူဆယ်ဘောလုံးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

တစ်ဖက် တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အသက် (၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကျင်းပ**

ထို့ပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲကျင်းပ**

အလားတူ ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေ TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို လေးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ - ရွှေကိုလေး



၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

ယနေ့ ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ထည့်သွင်းကျင်းပသည့် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး (အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား) နှင့် ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘတ်စကက်ဘော (အမျိုးသား)၊ ကြက်တောင် (အမျိုးသား/ အမျိုးသမီး)၊ ဘိလိယက်/ စနူကာ (အမျိုးသား)၊ လက်ဝှေ့ (အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကတ် (အမျိုးသား)၊ ဘောလုံး(အမျိုးသား/ အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို (အမျိုးသား/အမျိုးသမီး)၊ ကရာတေး (အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/ အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ်(အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/အမျိုးသမီး)၊ အလေးမ (အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး (အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲများ၊ မသန်စွမ်းအားကစားနည်းလေးမျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)၊ ရေကူး (အမျိုးသား/အမျိုးသမီး)၊ ထိုင်လျက် ဘော်လီဘောနှင့်မျက်မမြင်စစ်တုရင် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှု အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးစဉ်။

# ဆီးရီးယား၌ အကြမ်းဖက်မှုများမြင့်တက်နေချိန်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပစ်ခတ်တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် တောင်းဆို



**ဂျီနီဗာ ဒီဇင်ဘာ ၃**

ဆီးရီးယား၌ အကြမ်းဖက်မှုများမြင့်တက်နေချိန်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပစ်ခတ်တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် တောင်းဆိုလိုက်ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂ ရက်က ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ မကြာသေးမီက အကြမ်းဖက်မှုများ မြင့်တက်လာသောကြောင့် ဂူတာရက်စ်က ထိုသို့ သတိပေးပြောကြားလိုက်ခြင်း ဖြစ်ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရက်က နေ့စဉ်သတင်းအစည်းအဝေး၌ ပြောကြားလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ရန်လိုမှုများကို ချက်ချင်းရပ်တန့်ရန်လည်း တိုက်တွန်းပြောကြားလိုက်သည်။ ထို့ပြင် လူသားချင်းစာနာထောက်ထားမှု ဥပဒေအပါအဝင် နိုင်ငံတကာဥပဒေအရ ပါဝင်သူများအားလုံး၏ တာဝန်ဝတ္တရားများကို သတိပေးလိုက်ပြီး လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၂၅၄ (၂၀၁၅) နှင့်အညီ ကုလသမဂ္ဂ၏ အဆင်ပြေချောမွေ့သော နိုင်ငံရေးလုပ်ငန်းစဉ်သို့ ချက်ချင်းပြန်သွားရန် တိုက်တွန်းခဲ့သည်။

လုံခြုံရေးကောင်စီက Hayat Tahrir al-Sham အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ပြီးနောက် ဂူတာရက်စ်၏ ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ၎င်း၏ မဟာမိတ်အတိုက်အခံအင်အားစုများသည် လွန်ခဲ့သည့်သီတင်းပတ်က ဆီးရီးယားအနောက်မြောက်ပိုင်း အလက်ပိုတွင် ကြီးမားသော သူပုန်ထိုးစစ်ကို ဆင်နွှဲခဲ့သည်။

အရပ်သားသေဆုံးမှု၊ လူထောင်ပေါင်းများစွာ ရွှေ့ပြောင်းမှု၊ အရပ်သားအခြေခံအဆောက်အအုံပျက်စီးဆုံးရှုံးမှု၊ မရှိမဖြစ် အရေးတကြီးလုပ်ဆောင်ရမည့်လုပ်ငန်းများအား နှောင့်ယှက်ဟန့်တားမှု၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအား နှောင့်ယှက်ဟန့်တားမှု စသည့်ဖော်ပြချက်များလည်းရှိကြောင်း စတီဖင်ဒူဂျာရက်စ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများအားလုံးကို ကာကွယ်ရမည်ဖြစ်ကြောင်း ပါဝင်သူများအားလုံးကိုတိုက်တွန်းပြောကြားခဲ့သည်။

ပဋိပက္ခဖြစ်ပွားမှုမှ ရုန်းထွက်နိုင်ရန် ပါဝင်သူများအားလုံး ဆီးရီးယားအထူးကိုယ်စားလှယ်နှင့် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ရန် လိုအပ်ကြောင်းလည်း ဂူတာရက်စ်ကအလေးအနက် ပြောသည်။

ဆီးရီးယားနိုင်ငံသည် ၁၄ နှစ်ခန့် ပဋိပက္ခဖြစ်ပွားခဲ့သည်။ ငြိမ်းချမ်းသော အနာဂတ်ကို ဖန်တီးပေးမည့် နိုင်ငံရေး ရေချိန်နှင့် ထိုက်တန်နေပြီဖြစ်ကြောင်း၊ သွေးထွက်သံယိုမှု မဟုတ်ကြောင်း ဂူတာရက်စ်က ဆက်လက်ပြောကြားလိုက်သည်။

**ဆင်ဟွာ**





## ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၅ ဦးရှိလာ

**ဘန်ကောက် ဒီဇင်ဘာ ၃**

ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် သေဆုံးသူ အရေအတွက် ၂၅ ဦးရှိလာကြောင်း ဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးရေးဦးစီးဌာနက ဒီဇင်ဘာ ၃ ရက်တွင် ပြောသည်။ ပြည်နယ်ခြောက်ခု၌ ရေလွှမ်းမိုးမှု ဆက်လက်ဖြစ်ပွားလျက် ရှိနေသေးသည်ဟု ဆိုသည်။

နိုဝင်ဘာ ၂၂ ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရက်တရက် ရေကြီးရေလျှံမှုများကြောင့် ပြည်နယ် ၁၀ ခုမှ လူပေါင်း ၆၆၄၀၀၀ ကျော် ရေဘေးသင့်မှုဖြစ်ပွားကြောင်း၊ လူပေါင်း ၂၉၀၀၀ ခန့်အား ဘေးလွတ်ရာ တိမ်းရှောင်ရေးစခန်းများဆီသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးရေးဦးစီးဌာနက ပြောသည်။

ထိုင်းဝန်ကြီးချုပ် ပေထုံတန် ရှင်နာဝပ်ထရာက ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ရေးအတွက် သက်ဆိုင်ရာအေဂျင်စီများကို ညွှန်ကြားထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်သည်ဟုဆိုကာ ဟစ်ဇ်ဘိုလာက အစ္စရေးစစ်ဘက်စခန်းကို ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်

**ဂျေရုဆလင် ဒီဇင်ဘာ ၃**

ပြီးခဲ့သည့် သီတင်းပတ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စတင်အသက်ဝင်ပြီးနောက် ရှီအာမွတ်စလင်အဖွဲ့ ဟစ်ဇ်ဘိုလာက နယ်စပ်ရှိ အစ္စရေးစစ်ဘက်စခန်းတစ်ခုကို ပထမဆုံးအကြိမ် ဒုံးလက်နက်များဖြင့် ဒီဇင်ဘာ ၂ ရက်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေး တပ်မတော်သည် ဟစ်ဇ်ဘိုလာအဖွဲ့က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်သည်ဟုဆိုကာ လက်ဘနွန်ကို လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဒီဇင်ဘာ ၂ ရက်က အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် နိုင်ငံတောင်ပိုင်းတွင် တစ်ဦးသေဆုံးကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အစ္စရေးအနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချိုးဖောက်မှုမှာ အကြိမ် ၅၀ ကျော်လွန်လာပြီ ဖြစ်ကြောင်း လက်ဘနွန် လွှတ်တော်ဥက္ကဋ္ဌ နာဘီဘာရီက ပြောသည်။ အစ္စရေးသည် အပစ်အခတ်ရပ်စဲရေး နားလည်မှုကို ချိုးဖောက်ခြင်း မဟုတ်ဘဲ ဟစ်ဇ်ဘိုလာ၏ ချိုးဖောက်မှုများကို တုံ့ပြန်ခြင်းသာဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒွန်ဆားက ပြောသည်။

အစ္စရေးသည် ဟစ်ဇ်ဘိုလာအဖွဲ့၏ နောက်ဆုံးဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို တုံ့ပြန်နိုင်ခြေရှိသည့်အတွက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် ပျက်ပြယ်သွားမည်ကို စိုးရိမ်မှုမြင့်တက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**




## ဖိလစ်ပိုင်နိုင်ငံတွင် HIV ကူးစက်ဖြစ်ပွားသူ ၂၀၂၄ ခုနှစ်မကုန်မီ ၂၁၅၄၀၀ အထိရှိလာမည်ဟု ခန့်မှန်း

**မနီလာ ဒီဇင်ဘာ ၃**

ဖိလစ်ပိုင်နိုင်ငံ၌ HIV ကူးစက်ဖြစ်ပွားသူ သို့မဟုတ် HIV နှင့်အတူ ယှဉ်ပါးနေထိုင်သူဦးရေသည် ၂၀၂၄ ခုနှစ်မကုန်ခင် ၂၁၅၄၀၀ အထိ ရှိလာမည်ဟု ခန့်မှန်းကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဒီဇင်ဘာ ၁ ရက်က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ခုခံအားကျဆင်းမှုကူးစက်ရောဂါ (AIDS) ဖြင့် သေဆုံးသူ မရှိသေးကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောသည်။

အကယ်၍ ကာကွယ်ခြင်းနှင့် တားဆီးခြင်းကို အရှိန်မြှင့်တင်မလုပ်ဆောင်ပါက ဖိလစ်ပိုင်နိုင်ငံတွင် HIV ကူးစက်ဖြစ်ပွားသူ သို့မဟုတ် HIV နှင့်အတူ ယှဉ်ပါးနေထိုင်သူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် ၄၄၈၀၀၀ အထိရှိလာမည်ဟု ဖိလစ်ပိုင်ကျန်းမာရေး ဌာနကပြောသည်။

ဖိလစ်ပိုင်ကျန်းမာရေးဌာနသည် AIDS ရောဂါ မြင့်တက်လာခြင်းကိုလျှော့ချရန် ကမ္ဘာ့ AIDS နေ့ အထိမ်းအမှတ်နေ့အဖြစ် ဒီဇင်ဘာ ၈ ရက်တွင် အသိပညာပေးလှုပ်ရှားမှုတစ်ခုကို ဖိလစ်ပိုင် အမျိုးသား AIDS ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသိပညာပေးလှုပ်ရှားမှုတွင် AIDS နှင့်ပတ်သက်သည့် မကောင်းသည့်အမည်းစက်များကို တိုက်ဖျက်သွားမည်ဖြစ်ပြီး HIV/AIDS ရောဂါ တားဆီးကာကွယ်ရေးအကြောင်း စကားဝိုင်းဆွေးနွေးပွဲများ လုပ်ဆောင်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**

## ပြည်ပအလုပ်အကိုင်များအတွက် နိုင်ငံမှထွက်ခွာသွားသော သီရိလင်္ကာနိုင်ငံသား ၂၉၀၀၀၀ ကျော်ရှိ

**ကိုလံဘို ဒီဇင်ဘာ ၃**

ယခုနှစ် ပထမ ၁၁ လအတွင်း ပြည်ပအလုပ်အကိုင်များအတွက် နိုင်ငံမှ ထွက်ခွာသွားသော သီရိလင်္ကာနိုင်ငံသား ၂၉၀၀၀၀ ကျော်ရှိပြီး ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကြောင်း သီရိလင်္ကာ နိုင်ငံခြားအလုပ်အကိုင်ရှာဖွေရေးဗျူရို (အက်စ်အယ်ဘီအက်ဖ်အီး) က ဒီဇင်ဘာ ၃ ရက်တွင် ပြောသည်။

ယခုနှစ် ပထမ ၁၁ လအတွင်း ပြည်ပအလုပ်အကိုင်များအတွက် နိုင်ငံမှ ထွက်သွားသူပေါင်း ၂၉၁၂၆၇ ဦးရှိကြောင်း၊ သီရိလင်္ကာ နိုင်ငံသားများသည် ပြည်ပအလုပ်အကိုင်အတွက် အရှေ့အလယ်ပိုင်းဒေသသို့ အများဆုံးထွက်ခွာကြကြောင်း အက်စ်အယ်ဘီအက်ဖ်အီးက ပြောသည်။

အရှေ့အလယ်ပိုင်း ဒေသရှိ ကူဝိတ်နိုင်ငံသို့ ထွက်ခွာသူ ၇၁၂၁၀၊ ယူအေအီးနိုင်ငံသို့ ထွက်ခွာသူ ၄၈၀၈၃ ဦး၊ ဆော်ဒီအာရေဗျနိုင်ငံသို့ထွက်ခွာသူ ၄၅၀၀၈ ဦးနှင့် ကာတာနိုင်ငံသို့ ထွက်ခွာသူ ၄၃၁၀၄ ဦးရှိကြောင်း အက်စ်အယ်ဘီ အက်ဖ်အီးက ပြောသည်။

သီရိလင်္ကာ နိုင်ငံသားများ၏ ငွေလွှဲပို့မှုသည် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလကြားတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံရှိကြောင်း သီရိလင်္ကာ ဗဟိုဘဏ်၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ၌ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်မှုများကြောင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေ ဆုံးရှုံးရခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်စေကာ ၎င်းဒေသအနီး ကျေးရွာများရှိ ဒေသခံပြည်သူများမှာ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်အတူ မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့ တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ တရားမဝင် ရွှေတူးဖော် လုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက် ည ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတောင်ကုန်းအနီး၌ တရားမဝင် ရွှေတူးဖော် လုပ်ကိုင်နေသော ပျော်ဘွယ်မြို့နယ် ကြူတောဝကျေးရွာနေ ဦးဇော်(၅၂)နှစ် (ဘ)ဦးထွန်းကြည် နှင့် ရမည်းသင်းမြို့နယ် သပြေပင် ကျေးရွာနေသူများ ဖြစ်ကြသည့် လွင်ကိုနိုင်(၂၈)နှစ် (ဘ) ဦးအေး၊ ကျော်သက်ပိုင် (၂၂) နှစ် (ဘ) ဦးရဲသွေး၊ ဦးမောင် (၆၀)နှစ် (ဘ) ဦးညို၊ နိုင်ကောင်းထက် (၂၂)နှစ် (ဘ)ဦးအေးတို့ငါးဦးအား တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေသူသပြေပင် ကျေးရွာနေ တင်လင်း (၄၅) နှစ် (ဘ) ဦးမြိုင်၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ တင်လင်း အား တွေ့ရှိခြင်းမရှိဘဲ တရားမဝင် ရွှေတူးဖော် လုပ်ကိုင်သူများ ဖြစ်ကြသည့် အဆိုပါကျေးရွာနေ ဝင်းစိုး (၃၂)နှစ် (ဘ)ဦးလှသန်းနှင့် ညောင်အိုင်ကျေးရွာနေ အောင်စိုးဦး (၁၆)နှစ် (ဘ)ဦးအောင်ငွေးဝင်းတို့ နှစ်ဦးအား နေအိမ်ခြံဝင်းအတွင်းမှ ရွှေပါသည်ဟု ယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၃၅ ပိုင်း၊ သဲစာအိတ်ပိုင်း ၂၀၊ ဖြုန်းကျောက်များကြိတ်ရာတွင် အသုံးပြုသည့် ရိုက်ပြား ငါးပြားနှင့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ယင်းနေ့ ည ၆ နာရီခွဲတွင် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာ အနီး ဒေသအခေါ် ဘက်ဟိုး တောင်ကုန်း အနီးဝန်းကျင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေရာတွင် တရားမဝင်ရွှေတူးဖော် လုပ်ကိုင်နေသူများအား တွေ့ရှိရခြင်းမရှိဘဲ ရွှေပါသည်ဟု ယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၁၅ ပိုင်း၊ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆိုလာပြား တစ်ချပ်၊ ဘက်ထရီအိုး တစ်လုံး၊ လက်ဆွဲမီးစက် တစ်လုံး၊ ဒီဇယ်အင်ဂျင်တစ်လုံး၊ ဒိုင်နမို တစ်လုံး၊ လက်တွန်းလှည်း တစ်စီး၊ SHAYAN– 125 ဆိုင်ကယ်တစ်စီးပါ ဆိုင်ကယ်မျိုးစုံ ၁၃ စီးကိုလည်းကောင်း အသီးသီးတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများဖြစ်သည့် (ဝဲ မှ ယာ) တရားခံ ဦးဇော်၊ လွင်ကိုနိုင်၊ ဦးမောင်၊ နိုင်ကောင်းထက်၊ ကျော်သက်ပိုင်၊ အောင်စိုးဦး၊ ဝင်းစိုး အား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင် ရွှေတူးဖော်မှုများမှ သက်သေခံပစ္စည်းများသိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးမှုများအတွင်း ဖမ်းဆီးရမိသည့် တရားမဝင်ရွှေတူးဖော်လုပ်ငန်းလုပ်ကိုင်သူ ဦးဇော်ပါ တရားခံ ခုနစ်ဦး၊ ဖမ်းဆီးရန်ကျန် တရားခံ တင်လင်းနှင့် တရားခံ (စိစစ်ဆဲ)များအား ရမည်းသင်းမြို့မ ရဲစခန်း၌ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀(က)ဖြင့် အမှုများ အသီးသီး ရေးဖွင့်ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များအနေဖြင့် ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ နိုင်ငံတော်ပိုင် ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်များအတွင်း ဝင်ရောက်၍ တရားမဝင် ရွှေတူးဖော် လုပ်ကိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေဆုံးရှုံးရခြင်းများမဖြစ်ပေါ်စေရေး နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆီဆိုင်မြို့နယ် နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သေဆုံးပြီး အမျိုးသားတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် အသက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သေဆုံးပြီး အမျိုးသားတစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှု မရှိစေရေးအတွက် လိုအပ်သော နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၂ ရက်တွင် အကြမ်းဖက်သမားများသည် ကျေးရွာဝန်းကျင်မှနေ၍ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ရာ လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိကာ ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ အထက်ပါ သတင်းသည် အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ ဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “U Khin Zaw” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ ခင်ဇော်အား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “ဇော်ကြီး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်နေ မောင်ဇော်(ခ)ဇော်ကြီးအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Zay Zay” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ တင်သူရ(ခ)သန့်ဇင်အား ည ၇ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

**ဘိုကလေး ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သက္ကယ်ဆိပ်ကျေးရွာရှိ တောင်သူ ဦးသောင်းချစ်၏ စိုက်ဧက ရှစ်ဧက မျိုးစေ့ထုတ်စိုက်ခင်း၌ ဒီဇင်ဘာ ၁ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပရာ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်အားပေးကြပြီး မိုးစပါးရာသီတွင် စိုက်ပျိုးခဲ့သော ရက်(၉၀)(FS)စပါးမျိုးကို ရိတ်သိမ်းရာ စံကွက်အထွက်နှုန်း တစ်ဧကလျှင် အစိုတင်း ၁၂၃ ဒသမ ၈၆ တင်းနှင့် အခြောက်တင်း ၁၁၃ ဒသမ ၈၆ တင်း ထွက်ရှိကြောင်း သိရသည်။



**မိုးစက်(ဘိုကလေး)**

# တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးမှသည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလေးထားဖော်ဆောင်ရေးသို့

ရောမောင်

*(ယမန်နေ့မှအဆက်)*

### နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရန် အလားအလာရှိ အားကစားနည်းများ ဦးစားပေးအဆင့် သတ်မှတ်သင့်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအတွက် အောင်မြင်မှုအစဉ်အလာရှိသော အားကစားနည်းများကို ပထမဦးစားပေးသတ်မှတ်၍လည်းကောင်း၊ အောင်မြင်ရန် အလားအလာရှိသော အားကစားနည်းများကို ဒုတိယဦးစားပေးအဆင့် သတ်မှတ်၍လည်းကောင်း၊ အောင်မြင်မှုအလားအလာ နည်းပါးသော်လည်း အိုလံပစ်အားကစားနည်းဖြစ်ခြင်း၊ ယှဉ်ပြိုင်မှုမှ တစ်ဆင့် လူသားဆန်သောအတွေးအခေါ်အယူအဆ ပေါင်းသင်းဆက်ဆံမှု မြင့်မားစေပြီး ဗလငါးတန် ဖွံ့ဖြိုးစေသည့် အားကစားနည်းများကို တတိယဦးစားပေး သတ်မှတ်၍လည်းကောင်း၊ ရေတို၊ ရေရှည်စီမံကိန်း ထားရှိဆောင်ရွက်သင့်ပါသည်။ အောင်မြင်မှုအစဉ်အလာရှိသော အားကစားနည်းများကို သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်(သို့) နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်စေမည်ဆိုပါက အရည်အသွေးပြည့်မီသည့် နိုင်ငံခြားသားနည်းပြများနှင့် အတွေ့အကြုံရှိသည့် ပြည်တွင်းနည်းပြများ ပူးတွဲတာဝန်ပေးအပ်၍ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်စေသင့်ပါသည်။ ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့ချုပ်များ၏ တာဝန်ရှိသူများကိုလည်း မကြာခဏ စစ်ဆေးဆောင်ရွက်စေသင့်ပါသည်။

### အားကစားသိပ္ပံများတွင် အစဉ်အလာရှိ အိုလံပစ်အားကစားနည်းများ ဦးစားပေးလေ့ကျင့်

အားကစားနည်းအလိုက် သတ်မှတ်ထားသော အရည်အသွေးနှင့် ကိုက်ညီသော မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်နေစေရေးအတွက်လည်း အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် အောင်မြင်မှုအစဉ်အလာရှိသော အိုလံပစ်အားကစားနည်းများကို ဦးစားပေး၍ သက်တမ်းလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများနှင့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများမှ အရည်အသွေးပြည့်မီသည့် အားကစားသမားဦးရေကိုသာ ကျစ်ကျစ်လျစ်လျစ်ဖြင့် စုစည်းရွေးချယ်ပြီး အရည်အချင်းပြည့်မီသော နည်းပြများဖြင့် ကြပ်မတ်လေ့ကျင့် ဆောင်ရွက်စေသင့်ပါသည်။ ကျောင်းဖွင့်သက်တမ်း (၅၊ ၆)နှစ်အထက်ရှိသည့် အားကစားသိပ္ပံကျောင်းများမှ အားကစားနည်းအလိုက် နှစ်စဉ်လူငယ်အားကစားလေ့ကျင့်ရေးစခန်း၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များသို့ ပဏာမလက်ရွေးစင်များ စဉ်ဆက်မပြတ်ရွေးချယ်ပေးပို့နိုင်ရေးမှာ သက်ဆိုင်ရာ ကျောင်းများ၏ အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များဖြစ်သဖြင့် အားကစားသိပ္ပံကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမြဲမပြတ် သုံးသပ်အကဲဖြတ်၍ တွန်းအားပေး ဆောင်ရွက်သင့်ပါသည်။

### ပြိုင်ပွဲအဆင့်အတန်းမြင့်မားရန် ကြပ်မတ်ဆောင်ရွက်သင့်သည်များ

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲများကို ပြိုင်ပွဲအဆင့်အတန်းမြင့်မား၍ ပြိုင်ဆိုင်မှု ပြင်းထန်သည့် အားကစားပြိုင်ပွဲများ ဖြစ်စေရေးအတွက် ရပ်ကွက်၊ ကျေးရွာအဆင့် ပြိုင်ပွဲများမှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့် ပြိုင်ပွဲများအထိ ပြိုင်ပွဲအဆင့်ဆင့် ပြုလုပ်ပြီးမှသာ စနစ်တကျ လူရွေးချယ်မှုကို ပြုလုပ်ခြင်း၊ အရည်အချင်းပြည့်မီသည့် နည်းပြများဖြင့် အချိန်ကာလ နှစ်လတန်သည် သုံးလတန်သည် ကြိုတင်စခန်းသွင်းလေ့ကျင့်မှုပြုလုပ်ပြီးမှ အဆင့်မီမီဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနများအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများကို စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်မီသော အားကစားသမားများဖြင့် ပြိုင်ပွဲဝင်နိုင်ရုံသက်သက် အဖြစ်သဘောဝင်ရောက်ယှဉ်ပြိုင်နေကြသည်ကို တွေ့ရှိရသဖြင့် ထိရောက်စွာ တင်းကျပ်ဆောင်ရွက်သင့်ပါသည်။ ဝန်ကြီးဌာနမှ

> ❖ **နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအတွက် အောင်မြင်မှုအစဉ်အလာရှိသော အားကစားနည်းများကို ပထမဦးစားပေး သတ်မှတ်၍လည်းကောင်း၊ အောင်မြင်ရန် အလားအလာရှိသော အားကစားနည်းများကို ဒုတိယဦးစားပေးအဆင့် သတ်မှတ်၍လည်းကောင်း၊ အောင်မြင်မှုအလားအလာ နည်းပါးသော်လည်း အိုလံပစ်အားကစားနည်းဖြစ်ခြင်း၊ ယှဉ်ပြိုင်မှုမှတစ်ဆင့် လူသားဆန်သောအတွေးအခေါ်အယူအဆ ပေါင်းသင်းဆက်ဆံမှု မြင့်မားစေပြီး ဗလငါးတန် ဖွံ့ဖြိုးစေသည့် အားကစားနည်းများကို တတိယဦးစားပေး သတ်မှတ်၍လည်းကောင်း၊ ရေတို၊ ရေရှည်စီမံကိန်း ထားရှိဆောင်ရွက်သင့်**

ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၌ သက်တမ်းလိုက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးလျက်ရှိပြီး ထိုသို့ကျင်းပပေးရသည့် ဝန်ကြီးဌာန၏ ရည်မှန်းချက်များအပေါ် အလေးမထားဘဲ မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီး အောင်နိုင်ရေးအတွက် အသက်လိမ်လည် စာရင်းသွင်းယှဉ်ပြိုင်နေခြင်းများကိုလည်း ဝန်ကြီးဌာနမှ ထိရောက်စွာ အပြစ်ပေး ဟန့်တားခြင်း မပြုသမျှ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ပျောက်ဆုံးနေမည်ဖြစ်သဖြင့် ထိရောက်သည့် ကာကွယ်တားဆီးမှုများ ဆောင်ရွက်သွားသင့်ပါသည်။

### နည်းပြများ အရည်အချင်းမြှင့်တင်ရန် ဆောင်ရွက်ပေးသင့်သည့် အကြံပြုချက်များ

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်းနှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားပေးကြရသည့် နည်းပြများအနေဖြင့် လေ့ကျင့်ရေး သဘောတရားကို နားလည်ပြီး Effective Training Programme ရေးဆွဲနိုင်သူ၊ နည်းစနစ်၊ နည်းဗျူဟာများကို ခေတ်နှင့်အညီ အမြဲမပြတ်လေ့လာနိုင်စွမ်းရှိသူ၊ သက်ဆိုင်ရာ အားကစားနည်းတွင် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု နည်းပြသင်တန်း တစ်ခုခုကို တက်ရောက်အောင်မြင်ထားသူ၊ အားကစားသမား တစ်ဦးချင်းစီ၏ အားနည်းချက်၊ အားသာချက်များကို အကဲဖြတ်နိုင်ပြီး တစ်ဦးချင်း စွမ်းရည်တိုးတက်အောင် လုပ်ဆောင်နိုင်စွမ်းရှိသူ၊ အားကစားသမားများ၏ အားကျအတုယူ လေးစားထိုက်သည့် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်ရှိသူ၊ ပြိုင်ဘက်အသင်း၊ ပြိုင်ဘက်အားကစားသမားများ၏ သတင်းကို Youtube, Facebook, Google တို့မှ ရှာဖွေပြီး မိမိအသင်းအတွက် အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်နိုင်သူ၊ မိမိအားကစားသမားနှင့် ကိုက်ညီသည့် နည်းဗျူဟာကို ရွေးချယ်တတ်သူများ ဖြစ်စေရေး အားကစားနည်းအလိုက် ပြည်တွင်းနည်းပြသင်တန်းများနှင့် အပြည်ပြည်ဆိုင်ရာမှ ဖွင့်လှစ်သည့် နည်းပြသင်တန်းများသို့ စေလွှတ်တက်ရောက်စေခြင်း၊ အားကစားနည်းအလိုက် ပြောင်းလဲကျင့်သုံးလာသည့် နည်းစနစ်၊ နည်းဥပဒေများ သိရှိစေရေးအတွက် နှစ်စဉ်အားကစားနည်းအလိုက် အားကစားနည်းစနစ်ပိုင်းဆိုင်ရာ Seminar, Workshop, Forum များ ကျင်းပပြုလုပ်ပေးခြင်း၊ အဆိုပါ ဆွေးနွေးပွဲများသို့ ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်သူများ ဖိတ်ကြား၍ တက်ရောက်ဆွေးနွေး ပညာပေး ဟောပြောစေခြင်းများကို ဆောင်ရွက်စေသင့်ပါသည်။ အရည်အချင်းပြည့်ဝသည့် နည်းပြများကသာ ထူးချွန်သည့် အားကစားသမားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်ကို ဂရုပြုသင့်ပါသည်။

### တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ အသိပညာပေးခြင်း ပုံမှန်ပြုလုပ်ပေးသင့်

လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ယူ ကြရမည့်သူများဖြစ်သဖြင့် လူငယ်များအသိပညာဗဟုသုတ တိုးပွားစေရေး၊ နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ချစ်ခင်မြတ်နိုးတတ်စေရေး၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်စေရေးတို့အတွက် လူငယ်လူရွယ် အမြောက်အမြား တစုတဝေးတည်းရှိနေသည့် တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် အသိပညာပေးဟောပြောပွဲများကို တစ်ပတ်လျှင်တစ်ကြိမ် (သို့မဟုတ်) နှစ်ပတ်လျှင် တစ်ကြိမ် ပုံမှန်ပြုလုပ်ဆောင်ရွက်စေသင့်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လူငယ်များအသိပညာ တိုးပွားစေရေးအတွက် တစ်ကြိမ်နှင့် တစ်ကြိမ် မတူညီသည့် ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောစေသင့်ပါသည်။ ဥပမာအားဖြင့် လူငယ်နှင့် ကျန်းမာရေးကဏ္ဍ၊ လူငယ်နှင့်ပညာရေးကဏ္ဍ၊ လူငယ်နှင့် အားကစားကဏ္ဍ၊ လူငယ်နှင့်အလုပ်အကိုင်ကဏ္ဍ၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ်၊ လူငယ်နှင့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ လူငယ်နှင့်ရာဇဝတ်မှုကျူးလွန်ခြင်း အကြမ်းဖက်မှုကဏ္ဍ၊ လူငယ်နှင့်ပြည်သူ့နီတိကဏ္ဍ၊ လူငယ်နှင့် မျိုးချစ်စိတ်ကဏ္ဍ၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လူငယ်နှင့်အားလပ်ချိန် အသုံးပြုမှုကဏ္ဍ၊ လူငယ်နှင့်ရပ်ရွာလူမှုရေး လုပ်ငန်းများကဏ္ဍ စသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုးခွဲခြား၍ အသိပညာပေးဟောပြောစေမည်ဆိုပါက လူငယ်လူရွယ်များ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်လာပြီး နိုင်ငံ့အကျိုးသယ်ပိုးနိုင်မည့် သားကောင်းသမီးကောင်း ရတနာများ မလွဲမသွေ ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

### လူငယ်လူရွယ်များအား စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်

လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြရမည့်သူများဖြစ်သည့်အတွက် ငယ်စဉ်ဘဝကပင် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် အခြေခံပညာကျောင်းအဆင့်မှ စတင်၍ ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်သည့် တေဇလူငယ်၊ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ် ကဲ့သို့ အဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းပြီး စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ပြန်လည်ပြုစုပျိုးထောင်ပေးသင့်ပါသည်။ ထို့ပြင် အခြေခံပညာကျောင်းအဆင့်နှင့် တက္ကသိုလ် ကောလိပ်များတွင် ကိုယ်ပိုင်စွမ်းဆောင်ရည်ရှိသည့် လူငယ်များဖြစ်လာစေရေးနှင့် အများအကျိုးသယ်ပိုးတတ်သည့် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ယခင်ကကဲ့သို့ ကင်းထောက်လူငယ်များ ဖွဲ့စည်းဆောင်ရွက်ပေးခြင်းများကိုလည်း ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

### နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် မပြတ်ချိတ်ဆက်

လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံပညာရေးမှအစ တက္ကသိုလ်သင်ရိုးညွှန်းတမ်းများအထိ ပြောင်းလဲဆောင်ရွက်နေသည့်နည်းတူ မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများအား နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများဖြင့် မပြတ်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတကာမှ လူငယ်များနှင့် ချစ်ကြည်ရင်းနှီးမှုရရှိလာမည့်အပြင် နိုင်ငံတကာမှဆောင်ရွက်ချက်များနှင့် အခြားအချက်အလက်များကိုပါ သိရှိလာခြင်းနှင့်အတူ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလာနိုင်မည် ဖြစ်ပါသည်။

### အကြံပြုချက်များ အလေးထားဖော်ဆောင်

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်(၃)ရပ် ပိုမိုထိရောက်အောင်မြင်ရေးအတွက် ဖြည့်စွက်ဆောင်ရွက်ရမည့် အထက်ဖော်ပြပါ အကြံပြုချက်များအား ဆောင်ရွက်သွားနိုင်မည်ဆိုပါက တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးမှသည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်ရေးအတွက် များစွာအထောက်အကူပြုမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း… ။ ။

# မကွေးတိုင်းဒေသကြီး၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**မကွေး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂ ရက်က အဆိုပါရုံးရှိ သင်တန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်လာနိုင်မည်ဖြစ်ပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်အားဖြစ်သော MSME လုပ်ငန်းများလည်း ပေါ်ထွန်းလာမည် ဖြစ်ကြောင်း၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်းကိုးရွာတွင် သင်တန်းများဖွင့်လှစ်၍ လုပ်ငန်းရှင် ၄၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးအပ်၍ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးခဲ့ရာ ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း အဆိုပါ ဝင်ငွေတိုးစီမံကိန်းကို မကွေးတိုင်းဒေသကြီးတွင် ကျေးရွာ ၁၆ ရွာရွေးချယ်၍ စီမံကိန်း ၁၆ ခု ဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံကိန်း ၁၄ ခု ဆောင်ရွက်ပြီးစီးခဲ့ကာ လုပ်ငန်းထူထောင်သူ ၇၀ အား မွေးထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ယနေ့ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သည့် မော်တော်ဆိုင်ကယ်ပြင်သင်တန်းနှင့် စက်ချုပ်သင်တန်းမှ သင်တန်းသား သင်တန်းသူ ၁၀ ဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်မည်ဖြစ်ပြီး ပေးအပ်ထားသည့် လုပ်ငန်းသုံးပစ္စည်းများကို အကျိုးရှိရှိ အသုံးချကာ မိမိဒေသအတွင်းရှိ ပြည်သူများ ဝင်ငွေတိုးပွား၍ လူနေမှုအဆင့်အတန်း မြင့်မားအောင် ကြိုးစားဆောင်ရွက်ကြရန် ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## ပညာရေးကဏ္ဍတွင် အိုင်စီတီနည်းပညာများကို အပြည့်အဝအသုံးချနိုင်စေရန် National ICT Awards 2024 ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ပညာရေးကဏ္ဍတွင်အိုင်စီတီနည်းပညာများကို အပြည့်အဝအသုံးချနိုင်စေရန် ရည်ရွယ်ပြီး National ICT Awards 2024 ယခုလတွင်စတင်ကျင်းပမည်ဖြစ်ပြီး အဆိုပါ National ICT Awards 2024 ကျင်းပနိုင်ရေးနှင့်ပတ်သက်သည့် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၌ ကျင်းပသည်။

"ကျွန်တော်တို့ အခုကျင်းပမယ့် National ICT Awards 2024 ပညာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အပါအဝင် ညီနောင်အသင်းတွေ ပူးပေါင်းဆောင်ရွက်တာပါ။ National ICT Awards 2024 ကွန်ပျူတာကျွမ်းကျင်မှုပြိုင်ပွဲမှာဆိုရင် မူလတန်းဆင့် (Elementary)၊ အလယ်တန်းဆင့် (Secondary)၊ အထက်တန်းအဆင့် (High School)၊ ဆရာအဆင့် (Teacher) ခွဲခြားထားပြီး Education Projects ပြိုင်ပွဲဝင်သူတွေ တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်ကြရာ မိမိတို့နှစ်သက်ရာဆော့ဖ်ဝဲကို အသုံးပြု၍ ပရောဂျက်တစ်ခုထက်မက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားပါတယ်" ဟု ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးက ပြောသည်။

ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ပရောဂျက်ကို CD နှစ်စုံ၊ ပြိုင်ပွဲဝင်ပုံစံ၊ ပရောဂျက်နှင့် Presentation အတွက် Video Clip ဖြင့် ပတ်သက်သောစာရွက်စာတမ်းများနှင့် တင်ပြရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ရွေးချယ်ခြင်း၊ ဆုရွေးချယ်ခံရသူများအား ကြေညာခြင်းဟူ၍ စီစဉ်ရွေးချယ်မည်ဖြစ်သည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**




## ပန်းတောင်းမြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဟောပြော

**ပန်းတောင်း ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စက်မှုသင်တန်းကျောင်း (ဆင်တဲ)၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက (AIDS)ဗဟုသုတများကို အသုံးချ၍ HIV/AIDS ရောဂါကာကွယ်လျော့ကျရေး လုပ်ငန်းများတွင် ပါဝင်နိုင်ရေးပြောကြားပြီး စက်မှုသင်တန်းကျောင်း(ဆင်တဲ) ကျောင်းအုပ်ကြီး ဦးမျိုးကိုကိုက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုးက HIV/AIDS နှင့်ပတ်သက်၍ သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး ပြည်သူ့ကျန်းမာရေး ဆရာမကြီး ဒေါ်ခင်မေသိမ့်က မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနတွင် ဆောင်ရွက်လျက်ရှိသော HIV/AIDS ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများအကြောင်းရှင်းလင်းပြောကြားခြင်း၊ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သင်းသင်းအေး(ပြန်/ဆက်)**



## ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျွဲလူးအိုင်ကျေးရွာကုန်ထုတ်လမ်း (မြေ+ဂဝံ)ခင်းခြင်းလုပ်ငန်းကို တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦး၊ မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာအဖွဲ့က ဒီဇင်ဘာ ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။ **(အောက်ပုံ)**

အဆိုပါကွင်းဆင်းရာတွင် ခရိုင်ဦးစီးမှူးက တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေးရွာကုန်ထုတ်လမ်းအနေဖြင့် မြေသားလမ်းအရှည် ၀ ဒသမ ၃ မိုင်၊ အကျယ် ၁၈ ပေ၊ ဒုကိုးလက်မဖြင့် တင်ဒါ အောင်ကုမ္ပဏီက လုပ်ငန်းခွင့်ပြုငွေကျပ် ၈၇ သန်းဖြင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖြိုးကျော် (ပုံတောင်မြေ)**



## တောင်ငူမြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြော

**တောင်ငူ ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ဆရာကွန်းခန်းမ၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ



ကြီးမှူး၍ ဒီဇင်ဘာ ၃ ရက်က ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

ဟောပြောပွဲတွင် တောင်ငူခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမီမီခင်က HIV နှင့် AIDS ရောဂါအကြောင်း၊ ရောဂါကူးစက်နိုင်သည့် နည်းလမ်းများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများနှင့် ကူးစက်ရောဂါများအကြောင်း အသိပညာပေးဟောပြောဆွေးနွေးပြီး ဆွေးနွေးပွဲတွင် မေးခွန်းများကို ပါဝင်ဖြေကြားဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် ခရိုင်နှင့်မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **ဇော်ကိုကို (တောင်ငူ)**

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တွင် အနည်းငယ်အအေးပိုလာနိုင်သကဲ့သို့ ပြည်နယ်သုံးခုတွင်လည်း ညအပူချိန် သိသိသာသာကျဆင်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၃**

လာမည့် လေးရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိမြို့နယ်အချို့တွင် အနည်းငယ်အအေးပိုလာနိုင်သကဲ့သို့ ပြည်နယ်သုံးခုတွင်လည်း ညအပူချိန် သိသိသာသာကျဆင်း၍ အအေးပိုလာနိုင်ကြောင်း မိုးလေဝသပညာရှင် ဦးဝင်းနိုင်ထံမှ သိရသည်။

"မြောက်ဘက်က တိဗက်ကုန်းပြင်မြင့်နဲ့ ယူနန်ပြည်နယ်ထဲမှာ လေဖိအားရပ်ဝန်းအရှိန်ရှိတယ်။ ပြီးတော့မှ တောင်တရုတ်ပင်လယ်မှာ အရှေ့မြောက်မုတ်သုံလေအားကောင်းနေတယ်ဆိုတော့ အရှေ့မြောက်နဲ့ အရှေ့ဘက်ကလေတွေ အားကောင်းတဲ့အခါ အအေးဓာတ်တွေ မြန်မာနိုင်ငံထဲကိုစပြီးတော့ ဝင်တဲ့အနေအထားက အခုလည်း စဝင်နေတယ်။ နောက်လေးရက်ဆိုရင် သိသိသာသာ အအေးပိုလာနိုင်ပါတယ်" ဟု ဦးဝင်းနိုင်က ပြောသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ ၁၅ ဒီဂရီဆဲလ်စီးရပ်စ်အောက်နှင့် ၁၀ ဒီဂရီဆဲလ်စီးရပ်စ်အောက်အထိ ကျဆင်းနိုင်၍ အအေးပိုများနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်တို့၌လည်း အပူချိန်ကျဆင်း၍ အအေးပိုလာနိုင်ကြောင်း သိရသည်။

"ချင်းပြည်နယ်လို နေရာမျိုးဆိုရင် ၁၀ ဒီဂရီအောက် ကျဆင်းတဲ့ အနေအထားတွေ့ရတယ်။ ကချင်ပြည်နယ်မှာဆိုရင်လည်း ခေါင်လန်ဖူး၊ ကံပိုင်တည် အဲဒီနေရာမျိုးတွေမှာဆိုရင်လည်း တွေ့ရပါတယ်။ ရှမ်းပြည်နယ်မှာကတော့ ဒီလောက်တော့ မများသေးဘူး၊ ရေခိုးရေငွေ့ပါတဲ့ တိမ်တိုက်တွေဝင်ဖို့လည်းရှိတဲ့အခါကျတော့ အပူချိန်ဒီလောက်ထိမကျဘူး။ ရှမ်းအရှေ့ တာချီလိတ်လိုနေရာမျိုးဆိုရင် မိုးရွာနိုင်သေးတဲ့ အနေအထားရှိတယ်၊ ရွာရန်ရွာနှုန်းကတော့ ၄၀ ကျော် ၅၀ လောက်ပဲရှိပါတယ်" ဟု ဦးဝင်းနိုင်က ပြောသည်။

နောက်လာမည့် လေးရက်အတွင်း အနေအထားအရ အပူချိန်သိသိသာသာကျဆင်းခြင်းမရှိကြောင်း သို့သော်လည်း ပင်လယ်ကမ်းရိုးတန်းနှင့် ဝေးလေအအေးဓာတ်ပိုလေဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးရှိ လှည်းကူး၊မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်တွေမှာကတော့ အအေးပိုလာနိုင်သော်လည်း သိသိသာသာ အအေးပိုတာတော့မရှိသေးဘဲ ဒီဇင်ဘာလလယ်အထိ စောင့်ကြည့်ရဦးမယ်" ဟု ပြောသည်။

ထို့ပြင် အအေးနှင့်အေးမြစိုစွတ်သည့် အစွန်းရောက်ရာသီဥတု လာနီညာဖြစ်နိုင်ခြေကလည်း လက်ရှိတွင်လျော့ကျသွားသည့်အတွက် လာမည့် ၂၀၂၅ နှစ်စပိုင်းတွင် ပုံမှန်ရာသီဥတုအခြေအနေမျိုး ရှိနိုင်ကြောင်းလည်း ၎င်းက သုံးသပ်ပြောကြားသည်။

**MT**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေတောင်မြို့နယ်၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။ (ဓာတ်ပုံ)



အဆိုပါအခမ်းအနားတွင် ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာထက်ကျော်လင်း(လက်ထောက်ဆရာဝန်) က HIV/AIDS ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ကေသီက ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသော HIV/AIDS ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ စက်ရုံဆေးခန်းရှိ ကျန်းမာရေးဝန်ထမ်းများ အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)မှ ဝန်ထမ်းဦးရေစုစုပေါင်း၂၅၀ တက်ရောက်ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



## ကျိုက်မရောမြို့ သိမ်ဖြူကုန်းကျေးရွာ ပညာဗိမာန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**ကျိုက်မရော ဒီဇင်ဘာ ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများနှင့် ကျောင်းသားလူငယ်များ စာအုပ်၊ စာပေများကို အလွယ်တကူလေ့လာဖတ်ရှုနိုင်စေရန်နှင့် စာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေရန် ရည်ရွယ်၍ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက်က သိမ်ဖြူကုန်းကျေးရွာ (ပညာဗိမာန်) စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ကျိုက်မရောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးနှင့် သိမ်ဖြူကုန်းကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုးခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်ပြုပြင်မွမ်းမံရန်နှင့် ပရိဘောဂအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့် သုတ၊ ရသစာအုပ်များ ဖြည့်ဆည်းပေးခြင်းတို့အတွက် နိုင်ငံတော်မှ ငွေကျပ် သိန်း ၅၀၊ ကျေးရွာ ပြည်သူများမှ ထည့်ဝင်ငွေကျပ် ၁၇ သိန်းဖြင့် ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုဖွင့်လှစ်ပေးသော စာကြည့်တိုက်အား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကာ အလှူရှင်များက လှူဒါန်းသော စာအုပ်၊ စာစောင်များကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းပေးခဲ့ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးခိုင်က လက်ခံရယူခဲ့သည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော

**သထုံ ဒီဇင်ဘာ ၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက နောင်ကုလားရှမ်းရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။(ဓာတ်ပုံ)



ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်များအတွက် အရေးအကြီးဆုံးအချိန်၊ အရေးအကြီးဆုံးသောလူနှင့် အရေးအကြီးဆုံးအလုပ်တို့ကို ရွေးချယ်တတ်စေရေး၊ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကိုစီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသားကျောင်းသူတို့က သိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရွှေပညာဒါန (အခမဲ့)ရွှေပညာသင်တန်း အမှတ်စဉ်(၃၅)ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရွှေပညာဒါန(အခမဲ့)ရွှေပညာသင်တန်း အမှတ်စဉ်(၃၅)ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ဖွင့်လှစ်သည်။ (ဓာတ်ပုံ)



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွှေဈေးကွက်အတွင်း ရောင်းမှားဝယ်မှားများမဖြစ်ပေါ်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်ကြားမှုဒုတိယပိုင်းတွင် ဘူမိဗေဒပညာရှင် ဦးတင်နိုင်ထွန်းက ရွှေလုပ်ကွက်လျှောက်ထားခြင်းနှင့်ပတ်သက်၍ သင်ကြားပို့ချသည်။ သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်း၊ ရွှေပန်းထိမ်၊ ရွှေဒင်္ဂါး/ငွေဒင်္ဂါးရွှေအပေါင်ခံခြင်း၊ ကျောက်မျက်ပညာ၊ အသုံးချရွှေသင်္ချာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း အစရှိသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့သည်။

ရွှေပညာဒါန(အခမဲ့) ရွှေပညာသင်တန်းကို ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၀၀ ကျော် တက်ရောက် ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် သတ္တမအကြိမ် ကွန်ဂရက် ကျင်းပ




ကိုညီလေး

ဓာတ်ပုံ-MFF

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သတ္တမအကြိမ် ကွန်ဂရက် ( 7th MFF Congress 2024) ကို ဒီဇင်ဘာ ၃ ရက်က နိုဗိုတယ် ရန်ကုန်မက်စ်တွင် ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကွန်ဂရက်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုတို့က ရုပ်သံမှတစ်ဆင့် နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သတ္တမအကြိမ်မြောက် ကွန်ဂရက် အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့ဘောလုံးလောကအတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ခဲ့မှုအား ဂုဏ်ပြုသည့်အနေဖြင့် ဆရာ ဦးဘရီကို ၂၀၂၄ ခုနှစ်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ Service Award ဆု ပေးအပ်ချီးမြှင့်သည်။

ကွန်ဂရက်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စီနီယာဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက အဖွဲ့ချုပ်၏ ငွေကြေးသုံးစွဲမှု၊ ရငွေ / သုံးငွေဆိုင်ရာ ရှင်းလင်းတင်ပြမှုများပြုလုပ်ပြီး ပြင်ပစာရင်းစစ်အဖွဲ့မှ ဦးဝမ်တင်က စာရင်းစစ် တွေ့ရှိချက်များအား ဆက်လက်တင်ပြအစီရင်ခံသည်။ ယင်းနောက် ၂၀၂၃ ခုနှစ် ဘဏ္ဍာရေးအစီရင်ခံစာ စာရင်းစစ် အတည်ပြုချက်အပါအဝင် အဆိုပြုတင်ပြချက်များအား မဲခွဲဆုံးဖြတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က ဆက်လက်ဆောင်ရွက်သည်။

**ကိုညီလေး**

---

**မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (သောကြာနေ့)ညတွင် အားကစားပွဲတော်လှုံ့ဆော်ရေး တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"အမျိုးသားအားကစားပွဲတော်"** ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၆-၁၂-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "အမျိုးသားအားကစားပွဲတော်" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အားကစားလ | ပြင်ပအဆိုရှင် |
| ၂။ | ထိုးကွင်းလေးနဲ့ခြင်းခတ်သူ | တူယှဉ်ခွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | မြန်မာအားကစား | ပြင်ပအဆိုရှင် |
| ၄။ | အာရှမြန်မာ | ဌာနအဆိုရှင် |
| ၅။ | အမျိုးသားအားကစားပွဲတော် | ဌာနအဆိုရှင် |
| ၆။ | အမျိုးသားအားကစားပွဲတော်ဆီ | တူယှဉ်ခွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | မိုးယံလွှင့်ပျံလက်ခုပ်သံ | တူယှဉ်ခွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | မြန်မာ | ပြင်ပအဆိုရှင် |
| ၉။ | ဂိုးသွင်းကောင်းတဲ့ကိုကို | ပြင်ပအဆိုရှင် |
| ၁၀။ | ဂိုး | ပြင်ပအဆိုရှင် |
| ၁၁။ | မြန်မာ့ဂုဏ် | Group Song |

---

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့ အမှတ်(၁၅) တိုးချဲ့ရပ်ကွက်၌ လိုင်စင်မဲ့ TVS King မီနီအိုးဝေ သုံးဘီးဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြ ခရိုင်နှင့် ကျုံပျော်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၆ ဒသမ ၆၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၉၅၅) ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြခရိုင် မြောင်းမြမြို့နယ် မုဆိုးကွင်းကျေးရွာ၌ လိုင်စင်မဲ့ Xero 110 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၀၉၅၅)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့ သရက်ကုန်းကျေးရွာနှင့် မရမ်းချောင်ကျေးရွာ၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီးနှင့် Toyota Alphard မော်တော်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၅၂)မိုင်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀မျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၄၀၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့အကျော်Max ဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၅၈၀၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၁၇၉၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၂၄၂၆၂၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၈၂၇၁၆၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၇၆၃၁၇၅) ကို ဖမ်းဆီးရမိသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၂၂ ဒသမ ၃၀၆၆ တန်၊ သစ်မာ ၅ ဒသမ ၄၁၈၆ တန်၊ အခြား ၃၃ ဒသမ ၃၈၉၂ တန်၊ စုစုပေါင်း ၆၁ ဒသမ ၁၁၄၄ တန်၊ ယာဉ်/ ယန္တရား ၁၀ စီး၊ တရားခံ ၁၇ ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

**သတင်းစဉ်**

---

**၃ - ၁၂ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၂၈ | ၁၀၇၅၂၀၀ |
| MTSH | ၃၂၅၀ | ၃၂၀၀ | ၂၈၀ | ၈၉၆၀၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၁၉၅၀ | ၁၉၅၀ | ၅၀၃ | ၉၈၀၈၅၀ |
| TMH | ၃၁၅၀ | ၃၁၅၀ | ၉၈ | ၃၀၈၇၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၀၆၁ | ၁၈၃၁၇၅၀ |
| AMATA | ၄၅၀၀ | ၄၇၀၀ | ၃ | ၁၃၉၀၀ |
| MAEX | ၃၃၀၀ | ၃၂၅၀ | ၅၈၇ | ၁၉၀၉၂၅၀ |
| MADPL (PLB) | ၃၄၀၀ | ၃၄၀၀ | ၅၈ | ၁၉၇၂၀၀ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝေါမြို့၊ ဘိုးဘုံရပ်ကွက်၊ မင်းလမ်း၊ အိမ်အမှတ် (၁၄)နေ (ဘ)ဦးညီညီဝင်း ၇/ဝမန(နိုင်) ၀၇၇၇၂၉ ၏သမီး မအိခိုင်မိုး(ခ) မယွန်းဝတီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအိခိုင်မိုး(ခ)မယွန်းဝတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက-နတ်စင်ကုန်းတွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာမ ဒေါ်တင်တင်အေး ၇/ တငန(နိုင်)၀၇၀၆၆၈၏ ဖခင် ဦးအုံးနှင့် ဦးအုန်း PYU-၁၁၀၈၉၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုန်း(ခ)ဦးအုန်း**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RAIII/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ် (၇၅-က/ဆ)၊ မြေဧရိယာ(၀ဒသမ ၀၅) ဧကရှိ မြေအကျိုးခံစားခွင့်များကို ဦးမြင့်သန်း ၁၂/မဂဒ (နိုင်)၀၂၄၂၈၅ က အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ မြတ်မင်္ဂလာကွက်သစ်၊ ကွင်းအမှတ်(၆၅၆/က)၊ ဦးပိုင်အမှတ် (၅၉/၂)၊ မြေဧရိယာ(၁ဒသမ၅၀)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းသန်းထိုက် အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အတွင်းမှ မြေကွက်အမှတ်(၃၂၈)၊ (၈၀x၁၀၀)ပေ အကျယ် အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဒေါ်သန်းသန်းထိုက်ထံမှ ဒေါ်တင်တင်ထိုက်(ဘ)ဦးတင်ညွှန့် ၅/ခတန(နိုင်)၀၁၅၇၇၈က အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်တင်တင်ထိုက်ထံမှ ကျွန်တော် ဦးလှဝင်း (ဘ)ဦးထွန်းသောင် ၅/ဆလက (နိုင်) ၀၄၃၀၂၆က လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်သည် ယနေ့အချိန်ထိ ကျွန်တော် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်တော်ဦးလှဝင်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ကို မပြုလုပ်ရန် တားမြစ်လိုက်ပြီး ပြုမူဆောင်ရွက်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဝင်း ၅/ဆလက(နိုင်)၀၄၃၀၂၆**
**၈၂x၄၄လမ်းထောင့်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၀၀၆၆၇၄၀**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်း(၈)၊ ဗထူးလမ်းသွယ်၊ မြေကွက်အမှတ်(၅၆၈)၊ မြေဧရိယာ (၀.၀၆၂)ဧကေ ဦးအောင်စိန် ၇/ပခန(နိုင်) ၃၁၀၂၆၈အမည်ပေါက်မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားသောကြောင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်စိန် (၇/ပခန(နိုင်)၃၁၀၂၆၈)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ၀-၇၊ ဦးပိုင်အမှတ် ၈၇၊ ၆၈x၆၉ကြား၊ ၁၁၄ x ၁၁၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုတက မောင်တင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၄၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်း ၁၃/သပန(နိုင်) ၀၀၄၄၂၇က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၂၀၇/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ ပြောင်း၊ သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ရင်းတိုက်ပင် ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၁/၁၀၅ᵃ)၊ ကွင်းအမည် (ကျွန်းတောတောင်ကွင်း)၊ ဦးပိုင်အမှတ် (၅၂၇ᵃ)၊ မြေအမျိုးအစား(RR)၊ ရေစင်တောင်ကျေးရွာတွင် တည်ရှိသော ပြေစာအမည်ပေါက် ဒေါ်မလေးအမည်ဖြင့် ဧရိယာအကျယ်အဝန်းအားဖြင့် (၀.၀၉)ဧကမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော ပေ(၄၀)၊ ပေ(၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းနိုင် ၁၂/မဘန(နိုင်)၁၇၅၃၃၃မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိလက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိပြီး အမွေစားအမွေခံမှစ၍ အမှုခင်းအရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ ဆက်စပ်စာချုပ် စာရွက်စာတမ်းများ မှန်ကန်ပါကြောင်း၊ လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး လူနေမှုအနေအထားဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်လေးမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်(၂-၁၂-၂၀၂၄)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ ဝယ်ယူပြီးနောက်တွင် သက်ဆိုင်ရာကြေးတိုင်နှင့်မြေစာရင်းရုံး၌ အမည်ပေါက် ပြောင်းလဲခြင်း စသည့်ရုံးလုပ်ငန်းစဉ်များအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် မြေကွက်၏အကျိုးခံစား ခွင့်အရပ်ရပ်တို့နှင့် ပတ်သက်သော အမွေစားအမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော(မူရင်း)စာရွက် စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲနုဝင်း LL.B,D.B.L အထက်တန်းရှေ့နေ**
**စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ် ၆၀(B-2)၊ သီရိလမ်း၊ (၂)ရပ်ကွက်**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမိုးသက်ဦး၏သား မောင်ရှိုင်း လင်းဦး ၇/ပခန(နိုင်) ၃၃၀၃၂၃၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၁၄၇၉၀၃၉**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အမှတ် (၁) မူလွန် Grade-2 မှ (ဘ) ဦးကျော်စည်သူ ၁၄/ငပတ(နိုင်)၁၅၆၃၈၁ ၏သမီး မဇူချာန်နှင်းလွင်အား မလင်းလက်ဆုပန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလင်းလက်ဆုပန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ တိုးချဲ့(၄)ရပ်ကွက်၊ မေတ္တာလမ်းတွင်တည်ရှိသော စလစ်မြေ အမည်ပေါက် ဦးတင်ဝင်း DNU-၁၀၈၉၂၁ အမည်ဖြင့် ပြေစာအမှတ်စဉ် (၂၃၁၅)၊ အိမ်ရာအကွက် အမှတ် (၁၃)၊ အိမ်ရာအကွက် အဆင့်(ဟ)ဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် အလျားပေ (၄၀)xအနံပေ (၃၀) အကျယ်အဝန်းရှိ မြေအမျိုးအစား (စလစ်မြေ) မြေနှင့်တကွ ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ်အကြမ်းထည် အဆောက်အအုံတစ်လုံးနှင့်တကွ ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိပြီး အမွေစားအမွေခံမှစ၍ အမှုခင်းအရှုပ်အရှင်းကင်းရှင်းပါကြောင်း စလစ်မူရင်းနှင့်တကွ ဆက်စပ်စာချုပ်စာရွက်စာတမ်းများ မှန်ကန်ပါကြောင်း မိမိပိုင်ဆိုင်သည့် ယခုအရောင်း အဝယ်ပြုလုပ်သည့် အိမ်နှင့်ဝန်းခြံမြေအား လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဦးတင်ထွန်းဦး(၅/တဆန(နိုင်)၁၇၄၈၁၂)မှ ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်းမှ ဝယ်ယူရန်အတွက် အိမ်အပါအဝင် ဝန်းခြံမြေ၏ ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို (၁-၁၂- ၂၀၂၄)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်ပြုလုပ်သည့် စလစ်မြေအမျိုးအစား အိမ်အပါအဝင် ဝန်းခြံမြေကွက်၏ အကျိုးခံစားခွင့်ရပ်ရပ်တို့နှင့်ပတ်သက်သော အမွေစားအမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲနုဝင်း (LLB, D.B.L)**
**အထက်တန်းရှေ့နေ စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ် ၆၀ (B-2)၊ သီရိလမ်း၊ ၂ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၂)၊ အင်း၀(၂)လမ်း၊ မြေကွက်အမှတ် (၄၅၆)၊ (၄၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျော်လွင် C/RGN-၀၀၈၃၂၈အမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းမူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လဲ့လဲ့ဝင်း ၇/ကပက(နိုင်)၀၂၄၈၁၃မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီး မြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးဖုန်းမြတ်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာမိုး LL.B အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊(၃၇)ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၇၄၅၈၅၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး/အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက်သူ | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ | ရပ်ကွက်/ အုပ်စု | မှတ် ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးတင်မြင့်အောင် ဒေါ်နွယ်နီအောင် | ဦးလှမိုး(ခ) ဦးထိုင်ထိုင် | ၄၀၄A/ တိုးချဲ့စက်မှုဇုန် | ၂၀၁ | ၀ဒသမ၂၃၀ | နဝဒေး | ပြောင်း |
| ၂ | ဒေါ်ကြည်ကြည်ဝေ | ဦးမောင်လွင် | ၁၅E/ ရှမ်းစုအကွက် | ၂၇ | ၀ဒသမ၀၄၉ | ခေတ္တရာ | ပြောင်း/ တိုး |
| ၃ | ဦးဇာနည်ဦး | ဒေါ်ကြည်သိန်း | ၁၄/ အောင်ဆန်းအပိုင်း(၃) | ၁၆၂ | ၀ဒသမ၀၁၅ | ပြည်သာယာ | ပြောင်း |

**ကော်လီတွော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ဒေါ်နန်းနွေးနွေးထွေးနှင့်အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းအောင် (ဘ) ဦးသိန်းအောင် (GBR 538937394) နှင့် ဒေါ်နန်းနွေးနွေးထွေး (ဘ) ဦးမြမင်း (၁၂/ကမန(နိုင်)၁၁၂၆၁၀)တို့သည် (၁-၅-၂၀၂၂)ရက်တွင် နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားခဲ့ပါသည်။ ဒေါ်နန်းနွေးနွေးထွေးသည် ကျွန်ုပ်မိတ်ဆွေ၏ ကူညီထောက်ပံ့မှုဖြင့် အင်္ဂလန်နိုင်ငံသို့ တရားဝင်နေထိုင်ခွင့်ဗီဇာများရရှိအောင် ပြုလုပ်ဆောင်ရွက်မှုအပြီး (၁၅-၁၁-၂၀၂၄)ရက်တွင် ကျွန်ုပ်မိတ်ဆွေနှင့် အဆက်အသွယ် ဖြတ်တောက်ခဲ့ခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ခွင့် ပြုချက်မရှိဘဲ ကျွန်ုပ်မိတ်ဆွေဝယ်ယူပေးထားသော တိုက်ခန်း/အဆောက်အဦနှင့် အိမ်ထောင်ပရိဘောဂများအား ရောင်းချခြင်း ကျွန်ုပ်မိတ်ဆွေ၏ ဘဏ်အကောင့်မှ ငွေများအား ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်မရှိဘဲ မိမိသဘောဖြင့် ထုတ်ယူခြင်းများ ပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်နန်းနွေးနွေးထွေးနှင့်ပတ်သက်၍ ဂုဏ်သိက္ခာထိခိုက်ကျဆင်းကာ ကိုယ်စိတ်နှစ်ပါး ထိခိုက်နစ်နာရပါသည်။ သို့ဖြစ်ပါ၍ ဒေါ်နန်းနွေးနွေးထွေးနှင့်ပတ်သက်သည့် ကိစ္စအဝဝအား ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ နောက်နောင် တာဝန်ယူမည်မဟုတ်ကြောင်းနှင့် တရားဝင်ဇနီး မယားအဖြစ်မှ စွန့်လွှတ်ကြောင်း ဒေါ်နန်းနွေးနွေးထွေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ဒေါ်နန်းနွေးနွေးထွေးမှ သော်လည်းကောင်း၊ သူမ၏ မိတ်ဆွေအပေါင်းအသင်းများမှသော်လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေအား ထပ်မံနှောင့်ယှက်ပတ်သက်လာပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမာလာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၉၉၄) ပ-၃၂၃၇၃၊ ငုရွှေဝါလမ်း၊**
**ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၀၀၄၂၉၅၉၇၊ ၀၉-၆၉၃၀၀၉၅၈၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အင်းဘုတ်ကုန်းအုပ်စု၊ အင်းဘုတ်ကုန်းကျေးရွာနေ ဦးထွန်းအေး ၇/မလန(နိုင်)၀၄၅၈၈၄နှင့် ဒေါ်အေးသောင်း ၇/မလန(နိုင်)၀၄၅၈၈၅တို့၏သားငယ် မောင်အောင်သွင်ထွန်း ၇/မလန(နိုင်) ၀၆၇၅၅၃ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ ဂုဏ်သိက္ခာကျဆင်းစေရန်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားသမီးစာရင်းမှ ပယ်ဖျက်ပြီး အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးထွန်းအေး(ဖခင်)**
**ဒေါ်အေးသောင်း(မိခင်)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/7820 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အမည်ပြောင်း

ပုသိမ်မြို့၊ အထက(၁၁)၊ Grade (8) မှ (ဘ) ဦးညီအောင် (၁၄/ပသန (နိုင်) ၁၆၀၅၃၄) ၏ သားဖြစ်သူ မောင်ကြံစည်ထွန်းအား ယနေ့မှစ၍ **မောင်သော်တာရှင်းခန့်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သော်တာရှင်းခန့်**

## မိဘအမည်မှန်

မော်လမြိုင်မြို့၊ အထက(၈) အခြေခံပညာအထက်တန်းကျောင်း Grade-6မှ မမြတ်နိုးသူ ၏ မိဘအမည်မှန်မှာ ဦးမင်းကျော်ဦး ၃/ကကရ(နိုင်)၀၆၄၄၂၉ နှင့် ဒေါ်ရင်နု ၁၀/ကမရ(နိုင်)၁၁၂၉၆၄ ဖြစ်ပါကြောင်း။

**ဦးမင်းကျော်ဦး-ဒေါ်ရင်နု**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာအုပ်စု၊ ပဒါန်းကျေးရွာနေ (ဘ) ဦးမြင့်ထွန်း ၏ သား မောင်နိုင်လင်းထွန်း ၈/ပခက(နိုင်)၁၆၄၄၆၃ ၏နိုင်ငံကူးလက်မှတ်အမှတ် M 584120မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၅၁၂ ၇၀၁၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အိမ်မဲမြို့နယ်၊ ကမ်းပြိုကျေးရွာအုပ်စု၊ ကမ်းပြိုကျေးရွာနေ (ဘ)ဦးငွေဝင်း ၏သမီး ဒေါ်သင်းသင်းအေး(ခ) ဒေါ်အေးအေးအောင် ၁၀/ကမရ(နိုင်) ၁၃၁၅၁၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သင်းသင်းအေး(ခ)**
**ဒေါ်အေးအေးအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/45974, Suzuki SMASH 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်လတ် ၇/ပမန(နိုင်)၁၁၅၅၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/48853, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးသူ ၁၄/ပသန (နိုင်) ၂၃၉၀၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/22535,New Zhineng-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်အောင်လှိုင် ၁၄/မမန(နိုင်)၂၄၂၄၇၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၆၀/၆၄၊ ၁၃၄လမ်းနေ ဒေါ်စောနု ၁၂/တမန(နိုင်) ၁၃၅၂၁၉ ကျွန်မ၏သားဖြစ်သူ ကိုဇော်မြင့် ၁၂/တမန(နိုင်) ၁၄၀၄၈၈သည် မိဘစကားနာခံမှုမရှိသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏သား ကိုဇင်ဘိုပိုင် ၁၄/ဟသတ(နိုင်) ၂၄၂၇၇၆သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘော ဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအေးမြင့်-ဒေါ်အေးအေးသိန်း**
**ဥယျာဉ်တောင်ရပ်ကွက်၊ မနော်ဟရီလမ်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ဦးပိုင်အမှတ်(N-၇၂၊ N-၇၃)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေကို ဦးဇော်ဝင်းထွန်းအမည်ဖြင့် မြေပေးမိန့်ချထားပေးပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပုသိမ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/53089, Kenbo-125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင့်လွင် ၈/ပခက(နိုင်) ၀၄၁၁၁၅ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးသက်ဝေ၏သမီး ကျွန်မ မနန်းမြတ်သူဇာဝေ(၇/အတန(နိုင်)၁၂၆၆၂၄)၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇၄၇၄၅၇၁၈

## အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ (၅)ရပ်ကွက်နေ စောဂရိတ်စံ၏သားများဖြစ်ကြသော ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့ မြတ်ပညာတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း G-10 မှ မောင်ဘီလီဂရိတ် ၏ အမည်မှန်မှာ စောဘီလီ ဂရိတ် ၁၄/ဘကလ(နိုင်)၄၄၁၂၅၁ နှင့် ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့ အထက(ခွဲ) ဒိုးတန်း G-6မှ မောင်ပီတာဂရိတ်၏ အမည်မှန်မှာ စောပီတာဂရိတ် ၁၄/ဘကလ(နိုင်) ၄၄၁၂၅၂ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/3928၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄ - ၂၀၂၅ ခုဘဏ္ဍာရေးနှစ်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဗဟန်းမြို့နယ်၊ အနော်ရထာလမ်း(ရွှေဂုံတိုင်လမ်းမကြီး) တစ်လျှောက်တွင် လမ်းမီးမြေအောက်ကေဘယ်အားလိုင်းပေ (၄၅၀၀) နှင့် ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းမကြီးတစ်လျှောက်တွင် လမ်းမီးတိုင်များနှုတ်ခြင်းနှင့် လမ်းမီးတိုင်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက်ပစ္စည်းများအား ဝယ်ယူရန် ၊ တိုက်ကြီးမြို့နယ်၊ ဥတို-အဖျောက်လမ်း (၁၀)မိုင် ၊ (၆)ဖာလုံရှိ "အဖျောက် စစ်ဆေးရေး ဂိတ်" နှင့် ဒါးပိန်မြို့နယ်သပြုတ်တားအနီး (မြို့ရှောင်လမ်း) " ဒါးပိန်စစ်ဆေးရေးဂိတ်" တို့တွင် (၂၄) နာရီဓာတ်အားရရှိရေးလုပ်ငန်းများအား (ပစ္စည်း+လုပ်အားခ) ပုတ်ပြတ် (Turnkey) စနစ်မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံနိုင်ရေး အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၅.၁၂.၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၀.၁၂.၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၃၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

တာချီလိတ်မြို့နယ်၊ သမဝါယမဦးစီးဌာနမှပိုင်ဆိုင်သော တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ အမှတ်(၂/၁၁၀)၊ အကွက်အမှတ် (၅)၊ ဦးပိုင်အမှတ်၊ ၉၅(က)၊ မြေဧရိယာ(၀.၁၇၅)ဧက၊ ဂရန်အမှုတွဲ အမှတ် (၁/၀၅)၊ နှစ်(၃၀)ဂရန်မြေကွက်မှာ (၁၀-၉-၂၀၂၄)ရက်တွင် ရေကြီးရေလျှံခြင်း သဘာဝဘေးကြောင့် ပျောက်ဆုံးသွားပြီး မိတ္တူမှန်ပြန်လည်လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ရက်(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက သက်ဆိုင်ရာရုံးဌာန၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးမှူး၊ သမဝါယမဦးစီးဌာန၊**
**တာချီလိတ်မြို့။**

## မိဘအမည်မှန်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၂)နေ သင်းသင်းအေး ၁၃/တကန(နိုင်)၂၈၈၀၈၀ ၏ ဖခင်အမည်မှန်မှာ ဦးရန်ယိုကွတ် ၁၃/တကန(နိုင်) ၁၂၉၁၄၆ ဖြစ်ပြီး မိခင် ဟူချွင်ဆိုက်(ခ)မခမ်းဆွေ ၁၃/တကန(နိုင်) ၁၂၉၇၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ်(၁/၂-၂/ဟ)၊ မြေဧရိယာ ၀ ဒသမ ၂၃ ဧကအား မြေငှားဂရန် အမှုတွဲအမှတ်၊ ၅၁/၂၀၀၁-၂၀၀၂ အရ ဒေါ်မြလေးအမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၄၁/၂၀၁၈) ဖြင့် ဦးခင်မောင်ဇော်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးခင်မောင်ဇော် ၆/မမန(နိုင်)၁၃၄၆၂၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အခြေပြုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အောက်ဖော်ပြပါငါးဖမ်းရေယာဉ် (၁) စီးသည် ဦးမောင်မြင့် ၁၂/မဂတ(နိုင်)၀၃၁၂၀၀မှ အမည်ပေါက်ပိုင်ဆိုင်ထားသော ငါးဖမ်းရေယာဉ်ဖြစ်ပါသည်။ ၎င်းရေယာဉ် (၁)စီးအား ဦးမောင်မြင့် ၁၂/မဂတ(နိုင်)၀၃၁၂၀၀ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သော ဦးမြင့်လွင် ၁၂/လမတ(နိုင်) ၀၁၇၈၆၇မှ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ငါးဖမ်းရေယာဉ်(၁)စီးနှင့် ပတ်သတ်၍ ရေယာဉ်၏ ပိုင်ရှင်ပြောင်းလဲလုပ်ကိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ ငါးဖမ်းရေယာဉ် (၁)စီးနှင့်ပတ်သတ်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများ နှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်းကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| စဉ် | ရေယာဉ်အမည် | လိုင်စင်အမှတ် | ရေယာဉ် မှတ်ပုံတင်အမှတ် | မူလပိုင်ရှင်အမည် | ပြောင်းလဲမည့် ပိုင်ရှင်အမည် |
|---|---|---|---|---|---|
| ၁။ | အောင်ဆုမွန်-၃၂ | Y-1687 | ON-100171 | ဦးမောင်မြင့် ၁၂/မဂတ(နိုင်)၀၃၁၂၀၀ | ဦးမြင့်လွင် ၁၂/လမတ(နိုင်)၀၁၇၈၆၇ |

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃ )(၂၉-၁၁-၂၀၁၆)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄-II) ၃၅လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၄၄၃၀၂၆၁၉၉ ၊ ၀၉-၉၅၃၀၂၆၁၉၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/1152,DAIHATSU HIJET S211p, Pickup (4 x 4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဦး ၁၄/ပသန(ပြု) ၀၀၀၃၃၆ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/67754, Traulergi $B_2$, လက်တွန်း(တွဲပါ) ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်း ၁၄/ကပန(နိုင်) ၁၂၂၉၉၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/92417, SUZUKI VIVA-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနောင်နောင် ၇/ပတန(နိုင်)၁၃၉၄၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ရုံးသုံးစာရေးကိရိယာ Paper A4(100g)၊ ဆေးပစ္စည်း (၆)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် Fogging Machine အရေအတွက် (၈၀)ခုနှင့် Grass Cutter အရေအတွက် (၆၃) ခုတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင် ထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | – | Tender.16. Stationery (2024–2025) |
| | – | Tender.17. Medical Supplies (2024–2025) |
| | – | Tender.18. Equipment (2024–2025) |
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | – | ၆-၁၂-၂၀၂၄ ရက်နေ့ |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | – | ၁၉-၁၂-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဝယ်ယူ ဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ စခန်းကြီးကျေးရွာ (အထက)ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခွမ်းကျိန်၏ ဖခင် ဦးနိုဇာခွမ်နှင့် ဦးနေ့ဇခမ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနိုဇာခွမ်(ခ)ဦးနေ့ဇခမ်**

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ထားဝယ်မြို့၊ မြောက်ရွာရပ်၊ အထက(၁)ထားဝယ်၊ Grade-9 မှ စောကျော်စိုးထွဋ်အား မောင်ကျော်စိုးထွဋ်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ဖခင် ဦးဝင်းထွန်းနိုင်၏အမည်မှန်မှာ ဦးဝင်းနိုင်ထွန်း ၆/ထဝန(နိုင်) ၀၈၅၃၃၄ ဖြစ်ပါကြောင်း။

**မောင်ကျော်စိုးထွဋ်၊ ဦးဝင်းနိုင်ထွန်း**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ မူလွန် ဆရာစံရပ်ကွက်၊ G-8 အတန်းမှ မောင်သွန်းထက်အာကာ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဇော် ၉/ပမန(နိုင်)၁၅၉၄၅၉ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဇော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဆားမှော်အုပ်စု၊ ပြွန်သုံးလုံးကျေးရွာနေ မအေးအေးမိုး ၁/မကတ(နိုင်) ၁၅၁၄၁၉၏ဖခင် ဦးမြင့်အောင်(ခ) ဦးမြင့်မောင် ၁/မကတ(နိုင်) ၀၃၀၆၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်အောင်(ခ)ဦးမြင့်မောင်**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ သရက်မြိုင်(၃)လမ်း၊ အမှတ်(၄၁၃)၊အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေဌာနတွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သိန်းရီ (၇/ဝမန(နိုင်)၀၆၇၃၂၂)၏ဖခင်ဖြစ်သူ ဦးအောင်ကြည် (၁၂/လကန(နိုင်)၀၁၁၆၁၅)အမည်ပေါက်တည်ရှိပါသည်။ ဖခင်ဖြစ်သူ ဦးအောင်ကြည် (၁၂/လကန(နိုင်)၀၁၁၆၁၅)နှင့် မိခင်ဖြစ်သူ ဒေါ်ဖြူတို့တွင် သား/သမီး(၃)ဦး ဖြစ်သည့် (၁) ဒေါ်သိန်းကြည် (၁၂/သကတ(နိုင်)၀၁၃၁၂၉)၊ (၂) ဦးသိန်းလွင် (၁၂/လကန(နိုင်) ၀၁၂၇၅၁)နှင့် (၃) ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သိန်းရီ (၇/ဝမန(နိုင်)၀၆၇၃၂၂) (HGU-126041) တို့အား ထွန်းကားခဲ့ပါသည်။ ကိတ္တိမသား/သမီးမွေးစားထားခြင်း မရှိခဲ့ပါ။ မိခင်ဖြစ်သူ ဒေါ်ဖြူသည် (၂၇-၉-၂၀၂၃)ရက်ကတည်းက ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ဖခင်ဖြစ်သူ ဦးအောင်ကြည်မှ မိမိမှာ အသက်အရွယ်ကြီးရင့်ပြီး အိုမင်းမစွမ်း ရှိနေသည့်အတွက် မိမိကွယ်လွန်ပြီးနောက် သားသမီးများအကြား မညီမညွတ် မဖြစ်စေရန်နှင့် မိဘတစ်ဦးအနေဖြင့် မိမိ၌ရှိသော ပစ္စည်းဥစ္စာအား သား/သမီးသို့ ပေးကမ်းထောက်ပံ့ရန် ရည်ရွယ်၍ မိမိအမည်ပေါက်တည်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ သရက်မြိုင်(၃)လမ်း၊ အမှတ်( ၄၁၃)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အညီအမျှ ခွဲဝေယူကြရန် ကျွန်ုပ် တို့၏မိတ်ဆွေ အပါအဝင် သား/သမီး (၃)ဦးအား (၇-၁၁-၂၀၂၃)ရက်နေ့စွဲပါ မိသားစုစီမံမှုဆိုင်ရာ သဘောတူကတိစာချုပ်ဖြင့် ဖခင်ဖြစ်သူ သတိကောင်းမွန်သည့်အချိန်တွင် ချုပ်ဆိုထားခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဖခင်ဖြစ်သူမှာ ကျန်းမာရေးအခြေအနေဆိုးရွားပြီး အသိတရားကောင်းမွန်စွာ မရှိသည့် အချိန်ဖြစ်နေပြီး ၎င်းကိုယ်တိုင် ရောင်းချနိုင်သည့် အခြေအနေတွင် မရှိပါ။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့် အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဖခင်ဖြစ်သူ သက်ရှိထင်ရှား ရှိနေစဉ် သော်လည်းကောင်း၊ ကွယ်လွန်သွားခဲ့လျှင် သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သိန်းရီ (၇/ဝမန(နိုင်)၀၆၇၃၂၂) (HGU-126041) ၏ သဘောတူညီချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းများ မပြုကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိန်းရီ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ရှိ Room No.713, A5,(4)Bedroom(Duplex). အကျယ် အဝန်း(၁၇၅၂ Sqft)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးဇော်လွင်ဝင်း (၅/အတန(နိုင်)၀၀၀၅၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာကျော် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၄)**
**ရုံးခန်းအမှတ်(၁၆၂)၊ ဒုတိယထပ်၊ စံပြ(၄)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၅၄၅၉၁**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ကမာရွတ်(၅)ရပ်ကွက်၊ ဟံသာဝတီလမ်းနေ ဦးသိန်းထွန်း နှင့်ဇနီး ဒေါ်ငွေငွေဝင်း တို့၏သမီး မခိုင်ဇာထွေး၊ နိုင်ငံသားစိစစ်ဆေးရေးကတ်အမှတ်၁၂/ကမရ(နိုင်)၀၆၂၈၉၇ ကိုင်ဆောင်သူသည် ကျွန်ုပ်၏မိတ်ဆွေ ကိုထွန်းထွန်း (ဘ)ဦးလှအေး၊ နိုင်ငံရေးစစ်ဆေးရေးကတ်အမှတ်၊ ၁၄/ပသန(နိုင်)၁၉၆၅၄၃ ကိုင်ဆောင်သူနှင့် ၂၀၀၈-ခုနှစ်က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ၂၀၀၉-ခုနှစ်တွင် အေးကေမောင်၊ နိုင်ငံသားစိစစ်ဆေးရေးကတ်အမှတ် ၁၂/ကမရ(နိုင်)၀၇၄၄၁၉ ကိုင်ဆောင်သူ သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ (၄-၇-၂၀၂၃)ရက်နေ့ နံနက်(၅) နာရီခန့်က အင်းလျားကန်ဘောင်တွင် လေ့ကျင့်ခန်းလုပ်မည်ဟု အကြောင်းပြ၍ အိမ်မှထွက်ခွာသွားခဲ့ရာ (၂၇-၇-၂၀၂၃)ရက်နေ့တွင် မော်လမြိုင်သို့ရောက်ရှိနေကြောင်းနှင့် (၃၀-၇-၂၀၂၃)ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိသွားကြောင်း ၎င်း၏မိဘများထံမှကြားသိရပါသည်။

ယင်းကဲ့သို့ ယောကျ်ားဖြစ်သူအား လိမ်လည်၍အိမ်မှ ၎င်း၏သဘောဆန္ဒအတိုင်း ထွက်ခွာသွားခဲ့သည့် မခိုင်ဇာထွေးအပေါ် လင်မယားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် မခိုင်ဇာထွေးနှင့်ပတ်သက်သည့် မည်သည့်အကြောင်းကိစ္စရပ်များမဆို ကျွန်ုပ်၏မိတ်ဆွေ ကိုထွန်းထွန်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကိုထွန်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးစောလာလ(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၄၃)**
**လိုင်စင်ထုတ်ပေးသည့်ရက်စွဲ(၁၁-၈ -၂၀၂၀)**
**အမှတ်(၄၉)၊ ယိုးဒယားကုန်းလမ်း၊ ပုသိမ်မြို့၊ Ph: 09-253210759**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၁၇၊ ဦးပိုင်အမှတ် (၂၇)၊ ၆၈x၆၉လမ်းကြား၊ ကုသိုလ်တော်လမ်းနှင့်မင်းကြီးရန်နောင်လမ်းကြားရှိ တပ်ကြပ်ကြီးရဲအောင် အမည်ပေါက် တောဂရန် မြေကွက်အား ဖခင်ဦးရဲအောင်၊ မိခင်ဒေါ်အေးမြင့်၊ သားဦးမျိုးသူရအောင်(လူပျိုကြီးဘဝဖြင့်)တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၀၇၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်အေးပပအောင် ၉/မနမ(နိုင်) ၁၀၇၆၁၄၏(GPရရှိသူ ဒေါ်မာမာလွင်)ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၂၀၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန် ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြသော ဦးခွန်ရဲသွေး(ဘ)ဦးခွန်လှဖြူ ၁၃/တကန(နိုင်)၂၆၈၈၉၀နှင့် ဒေါ်နန်းမူအောင်(ဘ)ဦးခွန်လှစိန် ၁၃/တကန(နိုင်)၃၅၆၄၀၁တို့သည် (၂၇-၈-၂၀၂၂)ရက်တွင် အသိသက်သေများ၏ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး "နှစ်ဦးသဘောတူအကြင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသဖြင့် ဦးခွန်ရဲသွေးနှင့် ဒေါ်နန်းမူအောင်တို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ ယနေ့အချိန်အထိ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခွန်ရဲသွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးသွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၀၀)**
**အမှတ်(ရ/ ၃၃၂) ၊ မင်္ဂလာရှေ့ဆောင်လမ်း၊**
**ရွှေတောင်ရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၃၁၂၉၄၇၊ ၀၉-၆၉၉၉၃၉၈၉၂**

## အပတိဋ္ဌ သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဓမ္မဝတီမြို့၊ မင်းလမ်း၊ အမှတ် (၃/က)နေ ဦးသန်းဆွေ ၊ဒေါ်ခင်မာငြိမ်းတို့၏ အပတိဋ္ဌသမီးဖြစ်သူ မအေးငြိမ်းအောင် ၁၀/သထန(နိုင်)၂၁၅၁၁၂သည် ဦးသန်းဆွေ၊ ဒေါ်ခင်မာငြိမ်းတို့၏ဆိုဆုံးမမှုကို မနာခံဘဲ ရိုင်းပြသည့် ပြုမူဆက်ဆံမှု၊ ဆဲဆိုမှုများပြုလုပ်ပြီး အရှက်ရစေကာ နေ့စဉ်နှင့်အမျှ ရန်သူသဖွယ်ပြုမူနေသည့်အပြင် ဂုဏ်သိက္ခာကျစေရန် အကြိမ်ကြိမ် ပြုမူနေပါသဖြင့် ယနေ့မှစ၍ ကောက်ယူမွေးစားထားသော သမီးအဖြစ်မှ စွန့်လွှတ် လိုက်ပါသည်။

မအေးငြိမ်းအောင်သည် ဦးသန်းဆွေ၊ ဒေါ်ခင်မာငြိမ်းတို့နှင့် မသက်ဆိုင်သောသူ အဖြစ်သတ်မှတ်ကြေညာပြီးဖြစ်၍ နောက်နောင် ဦးသန်းဆွေ၊ ဒေါ်ခင်မာငြိမ်းတို့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ထပ်မံပြုမူဆောင်ရွက်ခဲ့ပါက သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးသန်းဆွေ** | **ဒေါ်ခင်မာငြိမ်း** |
| **၁၀/ပမန(နိုင်) ၀၁၀၅၈၂** | **၁၀/သထန(နိုင်) ၀၀၅၇၄၇** |

**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၁၈

ဒေါ်အိရတနာဖြိုး နှင့် ဦးမွတ္တား(ခ)စိန်မွတ္တား
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၀ – ၂ / ၄၈ ၊ မြို့သစ် နေ ဦးမွတ္တား (ခ)ဦးစိန်မွတ္တား (ဘ)ဦးဘသောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

